မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသောတရား မရနိုင်

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသောတရားကို မရနိုင်ကြကုန်။ ယမကဝဂ်(ဓမ္မပဒ-၁၁)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၅၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပထမအကြိမ် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းကို တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း နိုဝင်ဘာ ၂၆ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နေ့ ညပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင် ကိုးစင်ဖြင့် မသိုးသင်္ကြာ

စာမျက်နှာ ၅ ကော်လံ ၅ ❍

စက်မှုထုတ်ကုန်ပစ္စည်း၊ စက်ယန္တရားနည်းပညာပြပွဲ၊ တန်ဆောင်တိုင်ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်း၊ စက်ယန္တရား နည်းပညာပြပွဲ၊ တန်ဆောင်တိုင်ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်အရောင်းပြခန်းများ၊ ဆန်၊ ဆီ အရောင်းဆိုင်များ။ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်ရောင်းချသော ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၄၅၅ ခန်းကျော် ပြသရောင်းချမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃) ၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

ယနေ့ မာတိကာ

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်နိုင်ပါကြောင်း ဖိတ်ခေါ် — ပြည်တွင်းသတင်း — စာ ၂

အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နောက်တစ်ကြိမ်တွေ့ဆုံရန် သဘောတူ — နိုင်ငံတကာသတင်း — စာ ၁၃

ပူပင်သောကစုဝေးရာ အမှိုက်ပုံးများ မဖြစ်သင့်ပါ — ဆောင်းပါး — စာ ၁၆

အပြုနှင့်အဖျက်

လမ်းတံတားများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးတို့အတွက် လွန်စွာအရေးကြီးသည်။ လမ်းများနှင့် တံတားများ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ခရီးသွားလာမှုနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုတို့ လွယ်ကူလျင်မြန်စေသည့်အပြင် သယ်ယူပို့ဆောင်မှုစရိတ်များလည်း လျော့နည်းစေသည်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု လူမှုစီးပွားဘဝမြင့်မားမှုတို့အတွက် အဓိကကျသော အထောက်အပံ့များပင်ဖြစ်သည်။

မိမိတို့ နိုင်ငံအတွင်းရှိ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာတွင် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိလမ်းမိုင် ၂၆၆၂၃ မိုင်(ကီလိုမီတာ ၄၃၀၀၀ ခန့်)ကို အာရှအဆင့်(၃) (ASIAN CLASS III)၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဆင့် ရောက်ရှိရန်နှင့် တံတားများအားလုံးကိုလည်း ၂၄ ပေအကျယ် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား၊ ကြိုးတင်အားဖြည့် သံကူကွန်ကရစ်တံတား၊ သံမဏိသံပေါင်တံတားများအဆင့်ရောက်ရှိရန် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေနှင့်လည်းကောင်း၊ လုပ်ငန်းအချို့ကို နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍လည်းကောင်း၊ အချို့ကို နိုင်ငံတကာမှ အစိုးရ သို့မဟုတ် အဖွဲ့အစည်းများ၏ ချေးငွေ၊ ကူညီထောက်ပံ့ပေးမှု စသည်တို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

ငွေကျပ်သန်းထောင်ပေါင်းများစွာ အကုန်အကျခံ၍ နှစ်နှင့်ချီကာ တည်ဆောက်ဖောက်လုပ် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ယခင်က နှစ်ညအိပ်၊ သုံးညအိပ် ခက်ခက်ခဲခဲ သွားလာခဲ့ရသော လမ်းခရီးများမှာ ရာသီမရွေး၊ အချိန်အခါ မရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ အချို့လမ်းမကြီးများမှာ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာသို့ ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးများဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကလမ်းကြောင်းကြီးများဖြစ်သည့်အပြင် ရေရှည်တွင် နိုင်ငံတကာသို့ ဆက်သွယ်သွားလာနိုင်ရန်၊ ကုန်စည်ကူးသန်းနိုင်ရန် အလားအလာကောင်းများလည်းရှိရာ နိုင်ငံအတွက်ရော၊ အဆိုပါ လမ်းမကြီးများ ဖြတ်သန်းသွားရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များအတွက်ပါ အကျိုးဖြစ်ထွန်းစေသည်။ နိုင်ငံဆက်သွယ်လမ်းမကြီးများကို အကြောင်းပြု၍ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်စေသည့်အပြင် ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေးနှင့် လူမှုစီးပွားရေးတို့ တိုးတက်မြင့်မားစေမည်ဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြရာတွင် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူအသုံးပြုသွားလာလျက်ရှိသော လမ်းများကို ကန့်လန့်ဖြတ်မြောင်းကြီးများ တူးခြင်း၊ သစ်ပင်များ လှဲချ၍ တားဆီးပိတ်ဆို့ခြင်း၊ မြေကြီးများ စုပုံပိတ်ဆို့ခြင်း၊ တံတားကြီး တံတားငယ်များကို ဖောက်ခွဲဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ ပြင်ဦးလွင် – နောင်ချို – ကျောက်မဲ – လားရှိုး ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် ၁၂ နေရာတွင် ယင်းသို့ပြုလုပ်ခဲ့မှုကြောင့် ကုန်စည်စီးဆင်းသွားလာမှုတို့ ရပ်ဆိုင်းသွားခဲ့ရသည့်အပြင် ခရီးသွားလာနေသူများ၊ ဒေသခံများ အတိဒုက္ခရောက်ကြရသည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ အဘက်ဘက်မှ ထိခိုက်ဆုံးရှုံးမှုတို့ကို ခံစားခဲ့ကြရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွေး၊ ချွေးတို့ ရင်းနှီးပေးဆပ်ဆောင်ရွက်မှုကြောင့် လက်ရှိအခြေအနေတွင် ကျောက်မဲမြို့အထိ ပုံမှန်သွားလာနိုင်ပြီဖြစ်ပြီး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပုံမှန်ပြန်လည်သွားလာနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသခံတိုင်းရင်းသား ပြည်သူလူထုအနေဖြင့် အပြုနှင့် အဖျက်ကို ခံစားမှုဖြင့် သိရှိနားလည်ကြသည့်အလျောက် လမ်းမကြီးကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ချေမှုန်းရေး စစ်ဆင်ရာတွင် ပူးပေါင်းပါဝင်လျက်ရှိသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ ပြည်သူများကလည်း ငွေအား၊ လူအား၊ စိတ်ဓာတ်အားတို့ဖြင့် ပူးပေါင်းပါဝင်လျက်ရှိကြပါကြောင်း။ ။

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- ★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။
- ★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
- ★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်နိုင်ပါကြောင်း ဖိတ်ခေါ်

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၃ ခုနှစ် ဆောင်ပုဒ် ဖြစ်သည့် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့ကိုယ်တိုင် ရေးသားထားသည့် ဆောင်းပါးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ် – ၀၆၇–၃၄၀၄၆၀၃၊ ၀၆၇–၃၄၀၄၆၀၄ နှင့် E-mail-vulnerable group.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၄–၁၁–၂၀၂၃)ရက်၊ သောကြာနေ့၊ ညနေ (၁၆:၀၀) နာရီအထိ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းတို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များသို့ ဆန်၊ ဆီနှင့်ပဲများ လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းတို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များသို့ ဆန်၊ ဆီနှင့်ပဲများ လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ၇၃လမ်း မင်္ဂလာမန္တလေးရှိ တရုတ်ကောင်စစ်ဝန်ရုံး ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန် မစ္စတာ Mr. Zhang Wei နှင့် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး ချမ်းမြသုခ လူမှုရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မျိုးထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယကောင်စစ်ဝန်ချုပ်နှင့် ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က နားမကြားသော ကလေးများကျောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်း၊ အမျိုးသမီး ကလေးများ သင်တန်းကျောင်း၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ ကလေးပြုစုရေးဌာန၊ YGW ပုသိမ်ကြီးမိဘမဲ့ကျောင်း၊ YGW မိဘမဲ့ကျောင်း (စက်မှုဇုန်_၂)၊ ဇေရိပ်မွန်မိဘမဲ့ကျောင်း၊ ငါးစိုတိုက်မိဘမဲ့ကျောင်း၊ ချမ်းမြသာယာဘိုးဘွားရိပ်သာ၊ ချမ်းမြသုခဂိလာနဘိုးဘွားရိပ်သာ၊YGW ထူးမတောင်ဘိုးဘွားရိပ်သာနှင့် မန်းတောင်ခြေ ဘိုးဘွားရိပ်သာ စုစုပေါင်း အသင်းအဖွဲ့ ၁၃ခုတို့ကို ၂၄ ပြည်ဝင် ဆန်အိတ်ပေါင်း ၆၉၅ အိတ်၊ ဆီ ပိဿာ ၂၃၇၀၊ ၁၃ ပိဿာဝင် ကုလားပဲအိတ် ၂၅၅အိတ်နှင့် ၁၃ ပိဿာဝင် မြေထောက်ပဲ ၁၃၃ အိတ် စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ သင်တန်းကျောင်းများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနား တက်ရောက်လာကြသူများနှင့်အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်သည်။(အပေါ်ပုံ)

အခမ်းအနားသို့ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ဝင်များ၊ တရုတ် – မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးပိုမြင့်နှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းနှင့် ပြုစုရေးဌာနတို့မှ ကျောင်းအုပ်ကြီးများ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

ညီနောင်ကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ညီနောင်ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲဖြစ်သူ Major General Khamphet Sisanon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညီနောင်ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)နှင့် လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာနအကြီးအကဲတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညီနောင်ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)နှင့်အတူ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်မှ ထောက်ပံ့ပို့ဆောင်ရေးဌာန အကြီးအကဲနှင့်အတူ ထောက်ပံ့ပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ စီမံကိန်း၊ စီမံကိန်း ဦးဆောင်ကော်မတီ၏ (၂၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် စတင်ခဲ့ပြီး အတိုးနှုန်း သက်သာစွာဖြင့် တောင်သူတစ်ဦးချင်းကို ငွေကျပ်သိန်း ၇၀၀ အထိ ချေးငွေများအား နှစ်တို (၃) နှစ်၊ နှစ်ရှည် (၅) နှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ စီမံကိန်းစတင်သည်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ မြို့နယ် ၁၈၇ ခု တို့မှ တောင်သူ ၅၆၈၅ ဦးသို့ ထွန်စက်ကြီး ၂၇၅၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂၆၇၇ စီး ဝယ်ယူနိုင်ရေးအတွက် ချေးငွေကျပ် ၃၇၇၁၇၅ ဒသမ ၁၇၈ သန်း ထုတ်ချေးပေးထားပြီး ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်းတွင် တိုင်းဒေသကြီး/ပြည်နယ် (၇) ခုရှိ မြို့နယ် ၁၇ မြို့နယ်မှ တောင်သူ ၂၈ ဦးသို့ ထွန်စက်ကြီး ၂၃ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ငါးစီး ဝယ်ယူနိုင်ရေးအတွက် ချေးငွေကျပ် ၁၈၆၆ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း။

ချေးငွေရယူလိုသည့် တောင်သူများသို့ ချေးငွေသစ်များ စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရန် စိစစ်ဆောင်ရွက်လျက် ရှိကြောင်း၊ ချေးငွေအစီအစဉ် ကောင်းမွန်စွာ လည်ပတ်နိုင်ခြင်းဖြင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာစေပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် ဘဏ်ခွဲအဆင့်ဆင့်အနေဖြင့် Evaluation & Monitoring ကို စဉ်ဆက်မပြတ်ပြုလုပ်ပြီး စီမံကိန်းအောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်သွားရန်၊ ချေးငွေအစီအစဉ်တွင် လယ်ယာသုံး စက်ကိရိယာများ ပါဝင်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်း လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အတ္တပြဋ္ဌာရွှတစွာဖြင့် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။ (အပေါ်ဝဲပုံ)

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် သုံးသပ်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် တောင်သူဦးကြီးများ၊ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်သူများ၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ သုံးစွဲလာနိုင်စေရန် ဘဏ္ဍာရေးပိုင်းမှ ပံ့ပိုးဆောင်ရွက်မှုအဖြစ် အတိုးနှုန်း အလွန်သက်သာသော ချေးငွေများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ဟိုပန် နိုဝင်ဘာ ၂၁

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ပန်လုံမြို့တွင် ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ (အောက်ပုံ)

ပန်လုံမြို့ အထကကျောင်း၊ ရှုခင်းသာ သာသနာပြုကျောင်း၊ ယွန်းကျောင်းသို့ သွားရောက်၍ ဟိုပန်မြို့နယ်မှ တိုက်ပွဲရှောင်ရောက်ရှိနေသော ပြည်သူများကို အားပေးစကားပြောကြားပြီး သံဃာ ခုနစ်ပါး၊ သီလရှင် အပါး ၈၀ နှင့် ပြည်သူ ၆၁၂ ဦးတို့ကို ဆန်၈၇ အိတ်၊ ဆီ ၂၈ ဖာနှင့် ငါးဘူး၊ ကြက်ဥ ၂၂ ဖာ နှင့် ငါးကတ်တို့ကို ထောက်ပံ့ပေးသည်။

အလားတူ ဟိုပန်မြို့နယ်ရှိ မုန်းကွန်ကျေးရွာ၊ နမ့်ပီးကျေးရွာတို့တွင် ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့် စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပန်လုံ(မြန်/ဆက်)

ဘားအံမြို့၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းများ ကျင်းပ

ဘားအံ နိုဝင်ဘာ ၂၁

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ အနာဂတ်လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလငါးတန် ဖွံ့ဖြိုးစေရေးနှင့် စကားဝိုင်းများတွင် ပါဝင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ဘားအံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (လှာကာ) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်ကိုပြောကြားပြီး အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ကာ အထက်တန်းကျောင်း(လှာကာ)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ကိုယ်ကျင့်တရား ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အသက်မွေးဝမ်းကျောင်းခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

အလားတူ အခြေခံပညာအထက်တန်းကျောင်း (စက်ရုံ)တွင် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက လူငယ်အားကစားနှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အသက်မွေးဝမ်းကျောင်းခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများ၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (မြန်/ဆက်)**

ကောင်းမွန်သောပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ရှိရန် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်လို

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းစီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အားကောင်းခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနယ်ပယ်သည် ဘဏ္ဍာငွေရရှိမှု အရင်းအမြစ်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ရေး၊ အသုံးစရိတ်များကို စနစ်တကျခွဲဝေရေး၊ ခွဲဝေပေးသော အသုံးစရိတ်များကို ထိရောက်စွာ အကျိုးရှိရှိသုံးစွဲနိုင်မှု ရှိ/မရှိ စောင့်ကြည့်သတ်မှတ်ရေး စသည့်အဆင့်အလိုက် လုပ်ငန်းစဉ်များစွာဖြင့် ကျယ်ပြန့်သည့် နယ်ပယ်တစ်ခုဖြစ်ကြောင်း။

စနစ်တကျအသုံးချသွားကြစေလို

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် အခြေခံသင်တန်း၊ အထူးကာလတို သင်တန်းများအပြင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းတို့ကို ဖွင့်လှစ်လျက်ရှိကြောင်း၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်းကို (၅) ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း သင်တန်းသား ၁၈၇ ဦးကို သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းကို တက်ရောက်သည့် သင်တန်းသားများအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်၊ အကြောင်းအရာများကို သေချာစွာ လေ့လာသင်ကြားပြီး မိမိတို့၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုတွင် စနစ်တကျ အသုံးချသွားကြစေလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆) သို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးအဆင့်နှင့် ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၂၇ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ရက်သတ္တ (၅) ပတ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ **(အပေါ်ပုံ)** နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့် အညီ နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေး ဦးတည်ချက်များ ချမှတ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းရှင်များကို လိုအပ်သောငွေကြေး အရင်းအနှီး၊ နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး လိုအပ်သော အထောက်အပံ့များ ဆောင်ရွက်ပေးပြီး ပြည်တွင်း ထုတ်ကုန်များနှင့် ပြည်ပသွင်းကုန် အစားထိုး ထုတ်ကုန်များကို အားပေးမြှင့်တင်ရန်၊ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များအပေါ် အထောက်အကူဖြစ်စေမည့် ကဏ္ဍတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ယခုလိုပြပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက လုပ်ငန်းကဏ္ဍများအလိုက် ကော်မတီဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ကြည်က ပွဲတော်ကျင်းပနိုင်ရေး ဆိုင်ခန်းများ နေရာချထားမှုနှင့် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများ အလိုက် ပြင်ဆင် ဆောင်ရွက်ထားရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားသည်။

ပွဲတော်ရက်များ အတွင်း နေ့စဉ် E-Sport Game ပြိုင်ပွဲများ၊ စတုဒိသာ ကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ Circus၊ မျက်လှည့်၊ Dancer များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မီးရှူးမီးပန်းပစ်ဖောက်မည့် အစီအစဉ်များကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားရေးလာရေး လွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ထားရှိပေးထားကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော် ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း) များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

နယ်စပ်ဒေသများ၌ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၁

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၈၁၆ ဦး၊ အမျိုးသမီး ၄၃ ဦး၊ စုစုပေါင်း ၁၈၅၉ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၃၇၃၃ ဦး၊ အမျိုးသမီး ၁၈၅ ဦး၊ စုစုပေါင်း ၃၉၁၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သဲကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးများ ရိတ်သိမ်း

သဲကုန်း နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆင်းသွယ်လတ် မိုးစပါးများ စိုက်ပျိုးထားရှိရာ သီးကုန်းကျေးရွာရှိ ရောင်ခြည်ဦး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက် အသင်းသား ငါးဦး၏ စိုက်ဧက ၄၆ ဧက၊ ကရင်ကုန်းကျေးရွာရှိ စိမ်းရောင်စိုစိုစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက် အသင်းသား ခုနစ်ဦး၏ စိုက်ဧက ၄၆ ဧကနှင့် ကျောက်စိမ်းရောင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်၏ အသင်းသား ခြောက်ဦး၏ စိုက်ဧက ၃၅ ဧက တို့မှ မိုးစပါးများ ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်းတင်း ၈၀ ထွက်ရှိသည်။ ထို့ပြင် ကရင်ကုန်းကျေးရွာရှိ ပုလဲမွေးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက် အသင်းသား ရှစ်ဦး၏ စိုက်ဧက ၅၅ ဧကတွင် တစ်ဧကအထွက်နှုန်း ၈၅ တင်း ထွက်ရှိပြီး အိုင်းကုန်းကျေးရွာရှိ သဇင်ပန်းအထွေထွေ စီးပွားရေးသမဝါယမအသင်းလီမိတက် အသင်းသား ၁၀ ဦး၏ စိုက်ဧက ၅၈ ဧကတွင် တစ်ဧကလျှင် စပါးအထွက်နှုန်း ၈၄ တင်း ထွက်ရှိကြောင်းသိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ နောင်တော်ကြီးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်ရန် ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ နောင်တော်ကြီးစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန် ပြင်ဆင်ထားမှုနှင့် ငြမ်းဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ချိန်အတွင်း ပြီးစီးရန်၊ စံချိန်စံညွှန်း ပြည့်မီရန်၊ စာရင်းဇယားများ ပြုစုထားရှိရန်၊ စာရင်းစစ်ဆေးမှု ခံယူသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရန်အတွက် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ရွှေပြားကြိတ်စက်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ရောက်ရှိကြပြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိကြသည့် သံဃာတော် ၅၈ ပါးနှင့် သီလရှင် ၃၇ ပါးတို့အား နဝကမ္မ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



○ *ရှေ့ဖုံးမှ*

သင်္ကန်း စတင်ရက်လုပ်ပြီး နိုဝင်ဘာ ၂၇ ရက် (တန်ဆောင်မုန်းလပြည့်) နေ့ နံနက်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ကပ်လှူပူဇော်သွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း ရောင်စုံအလှမီးများ တပ်ဆင်ပူဇော်ထားရှိခြင်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းရောင်းချခြင်း၊ ဘုရားဖူးလာကလေးသူငယ်များအတွက် ချားရဟတ်စသည့် ကလေးကစားကွင်းများဖြင့် ပွဲတော်ကာလအတွင်း စီစဉ်ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်မုခ်ဦး လျှပ်စစ်မီး အလှဆင်ခြင်းလုပ်ငန်းနှင့် တန်ဆောင်တိုင် မီးပုံးပျံကွင်းအတွင်း လျှပ်စစ်မီးသွယ်တန်းထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်မုခ်ဦး လျှပ်စစ်မီးအလှဆင်နေမှု၊ တန်ဆောင်တိုင် မီးပုံးပျံကွင်းအတွင်း လျှပ်စစ်မီးသွယ်တန်းထားမှုနှင့် ရာဇဒိုင်လမ်းပေါ်ရှိ ကောင်းကင် ဓာတ်အားလိုင်းအား မြေအောက်ဓာတ်အားလိုင်းအဖြစ် ရွှေ့ပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ တန်ဆောင်တိုင် မီးပုံးပျံကွင်း၌ မီးပုံးပျံ လွှတ်တင်မည့်နေရာ လျှပ်စစ်မီး သွယ်တန်းနေမှုနှင့် လျှပ်စစ်မီး အလှဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်မုခ်ဦး၌ လျှပ်စစ်မီး အလှဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တန်ဆောင်တိုင် ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော် ပြုလုပ်မည့်ကွင်းအတွင်း လျှပ်စစ်မီး စနစ်တကျ သွယ်တန်းနေမှု၊ ရာဇဒိုင်လမ်းပေါ်ရှိ ကောင်းကင် ဓာတ်အားလိုင်းအား မြေအောက် ဓာတ်အားလိုင်းအဖြစ် ရွှေ့ပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် School Milk Program ဖြင့် နွားနို့တိုက်ကျွေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အမှတ် (၉) အခြေခံပညာမူလတန်းကျောင်းတွင်ပြုလုပ်ရာ ပြင်ဦးလွင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်အေး ဦးဆောင်၍ ဝန်ထမ်းများက အမှတ် (၉) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၂၁ ဦးအား နွားနို့များ တိုက်ကျွေးစဉ်။ ခရိုင် (ပြန်/ဆက်)

ရုံးလုပ်ငန်းကျွမ်းကျင်စေရန် စစ်ကိုင်းခရိုင် ပြန်/ဆက်ရုံး၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်

စစ်ကိုင်း နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၃/၂၀၂၃) ကို စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအောင်အောင်ထွေးက အခြေခံကွန်ပျူတာသင်တန်း (၃/၂၀၂၃) တွင် ဌာနဆိုင်ရာဝန်ထမ်းများကို ဦးစားပေး၍ ပို့ချပေးခြင်းဖြစ်ကြောင်း၊ အခြေခံကွန်ပျူတာပညာရပ်များကို ဝန်ထမ်းများ ကျွမ်းကျင်စွာ တတ်မြောက်ထားမှသာလျှင် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၅ ရက်မှစ၍ သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဇော်မြင့်နိုင်(ပြန်/ဆက်)

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့လာသည့် အိမ်ထောင်စု လူဦးရေစာရင်းများအနက် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ စိစစ်ပြီးဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ အကြမ်းဖက်စာရင်းတွင် ပါဝင်သူ ၁၂၀၀ ကျော်အပါအဝင် မြန်မာနိုင်ငံတွင် နေထိုင်ကြောင်း အထောက်အထား တွေ့ရှိသူ ၉၁၀၀၀ ကျော်၊ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း အထောက်အထား မတွေ့ရှိသူ ၄၇၀၀၀ ကျော်၊ စုစုပေါင်းလူဦးရေ ၁၃၈၀၀၀ ကျော်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် သံတမန်လမ်းကြောင်းဖြင့် ပေးပို့အကြောင်း ပြန်ကြားပြီးဖြစ်ပါကြောင်း။

စစ်ဆေးခဲ့

ယင်းတို့အနက် နှစ်နိုင်ငံညှိနှိုင်းချက်အရ ပြန်လည်လက်ခံရေးလုပ်ငန်းများကို Pilot Project ဖြင့်ဆောင်ရွက်ရန် သဘောတူခဲ့ပြီး လူဦးရေ ၇၀၀ ကျော်ကို ပြန်လည်လက်ခံရန် လျာထားပေးပို့ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ Pilot Project ဖြင့် ပြန်လည်လက်ခံရန် လျာထားသူ ၇၀၀ ကျော်အပြင် ၎င်းတို့၏ ဆက်စပ်မိသားစုဝင် ၄၀၀ ကျော်၏ စာရင်းပါ ထပ်တိုးရန် ပေးပို့လာပါကြောင်း၊ စိစစ်အတည်ပြုရန် ကျန်ရှိသည့် ဆက်စပ်မိသားစုဝင် ၄၀၀ ကျော်အား မိမိတို့ဘက်မှ မျက်မြင်စစ်ဆေးရေးအဖွဲ့များဖြင့် ပြီးခဲ့သည့် မတ်လအတွင်းက မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့သို့ သွားရောက် စစ်ဆေးခဲ့ပြီး ယခင်ကျင်းပခဲ့သည့် (၂/၂၀၂၃) အစည်းအဝေးတွင် Pilot Project ဖြင့် လျာထားသူ ၇၀၀ ကျော်နှင့် သွားရောက် စစ်ဆေးအတည်ပြုခဲ့သူ ၄၀၀ ကျော် စုစုပေါင်း ၁၁၀၀ ကျော်အား လက်ခံရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း။

သို့ရာတွင် နှစ်နိုင်ငံ ကမကထပြု ဆောင်ရွက်မည့် အစီအစဉ်သစ် (New Bilateral Initiative) အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည် ပို့ဆောင်လိုသူများနှင့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုသူများ အဆိုပြုပေးပို့လာသည့်အတွက် ယင်းတို့အနက် မောင်တော (မြောက်ခြမ်း) တွင် နေထိုင်ခဲ့သူ၊ မိသားစုအလိုက် တွေ့ရှိသူ၊ ပြစ်မှုကင်းရှင်းသူ စုစုပေါင်း ၂၈၀၀ ကျော်အား ရွှေ့ပြေး စမ်းသပ်စီမံကိန်းအဖြစ် ပြန်လည်လက်ခံရန် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီက မှတ်ချက်ပြုခဲ့ပါကြောင်း၊ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ၂၈၀၀ ကျော်၏ ထပ်တိုးမိသားစုဝင် ၃၀၀ ကျော်အား ထပ်မံစိစစ်တွေ့ရှိရသဖြင့် Go and Talk ခရီးစဉ်တွင် မျက်မြင်စစ်ဆေးရေး အဖွဲ့လိုက်ပါလျက် တစ်ပါတည်းစိစစ်အတည်ပြုပေးရန် သံတမန်လမ်းကြောင်းအရ တောင်းဆိုလာသဖြင့် မိမိတို့ဘက်မှ မျက်မြင်စစ်ဆေးရေးအဖွဲ့များက ပြီးခဲ့သည့် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် တက္ကနပ်သို့ နေ့ချင်းပြန်သွားရောက်စစ်ဆေးခဲ့ပါကြောင်း၊ ယင်းသို့သွားရောက်စစ်ဆေးရာတွင် စာရင်းပေးပို့ထားသည့် ၃၀၀ ကျော်အနက် လာရောက် အစစ်ဆေးခံသူ ၁၄၂ ဦးအား စစ်ဆေးခဲ့ရာ နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လည်လက်ခံနိုင်သူ ၁၂၆ ဦးရှိပြီး လက်ခံရန် သင့်/ မသင့် စဉ်းစားရမည့်သူ ၁၁ ဦး၊ သေဆုံးသူ လေးဦး၊ စာရင်းမှား တစ်ဦးတို့ တွေ့ရှိရပါကြောင်း။

ရှင်းလင်းပြောကြား

ယခု အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် မိမိဌာနနှင့်သက်ဆိုင်သည့် အချက်အလက်များအပေါ် မူတည်ပြီး မျက်မြင် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီးစီးခဲ့သူ ၁၄၂ ဦးနှင့် ပတ်သက်၍ Pilot Project အရ စိစစ်ပြီးသူ ၂၈၀၀ ကျော်နှင့်အတူ ပြန်လည်လက်ခံနိုင်မည့် အခြေအနေကို သုံးသပ်ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊ နေရပ်စွန့်ခွာသူများကို လက်ရှိလုံခြုံရေးအခြေအနေအရ ယခုကာလအတွင်း အကန့်အသတ်ရှိနေသော်လည်း လက်ခံနိုင်မည့်သူများကို စိစစ်အတည်ပြုထားခြင်းဖြစ်ပြီး အတည်ပြု ဆုံးဖြတ်ချက်များကို ညှိနှိုင်းပေါင်းစပ်ရေးကော်မတီသို့ တင်ပြပြီး ၎င်းမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်က ဧပြီလအတွင်း ကျင်းပခဲ့သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၃) ၏ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မျက်မြင်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် စိစစ်သုံးသပ်ရမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကော်မတီဝင်များက လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဌာနအလိုက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နေမှုနှင့် မျက်မြင်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးတွေ့ရှိချက်များအပေါ် Pilot Project ဖြင့် ပြန်လည်လက်ခံနိုင်ရေးအတွက် သုံးသပ် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးအကြံပြုသုံးသပ်ချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးချက်များအပေါ် အတည်ပြုဆုံးဖြတ်ချက်ရယူကာ စိစစ်အတည်ပြုပြီးသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၉) ကြိမ်မြောက် အာဆီယံ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ Video Conferencing ဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၁

(၉) ကြိမ်မြောက် အာဆီယံရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (9th SOMRI Working Group on Content and Production Meeting–9th SOMRI WG–CP) အား နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက လာအိုနိုင်ငံမှ WG–CP ဥက္ကဋ္ဌက Video Conferencing စနစ်ဖြင့်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ WG – CP ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် – တပ်ကုန်းနှင့် ရန်ကုန်ရှိ သက်ဆိုင်ရာရုံးများမှ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ လာအိုနိုင်ငံမှ WG – CP ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုပ်သံကဏ္ဍ အစီအစဉ်၊ ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းသည့် အာဆီယံ အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ၊ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်း ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများ၊ သတင်းအချက်အလက်နှင့် မီဒီယာကဏ္ဍ မဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၅) ဆိုင်ရာများ၊ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာများ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ အစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ စီမံကိန်းအသစ်များ ဆွေးနွေးညှိနှိုင်းခြင်း အပါအဝင် (၁၀) ကြိမ်မြောက် အာဆီယံ ရုပ်သံကဏ္ဍအစီအစဉ်နှင့် ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (10th SOMRI Working Group on Content and Production Meeting–10th SOMRI WG–CP) ကျင်းပမည့် နေ့ရက်တို့အား ဆွေးနွေးကြသည်။

အစည်းအဝေးမှ အာဆီယံ ပြန်ကြားရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (Senior Officials' Meeting Responsible for Information–SOMRI) တွင် ဆုံးဖြတ်ခဲ့သည့် စီမံကိန်းများနှင့် ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကောင်းစွာ အထောက်အပံ့ပြုနိုင်ရေး၊ သတင်းမီဒီယာကဏ္ဍဆိုင်ရာ ရုပ်သံထုတ်လွှင့်မှု အစီအစဉ်များနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းများ သုံးသပ်တင်ပြနိုင်ရေး၊ သတင်းမီဒီယာကဏ္ဍ၏ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်း ချမှတ်ခြင်း၊ နည်းပညာ စံသတ်မှတ်ခြင်းနှင့် မူဘောင် သတ်မှတ်ခြင်းများကို အသေးစိတ် လေ့လာသုံးသပ်ပြီး အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တင်ပြနိုင်ရေးနှင့် SOMRI မှ သဘောတူထားသည့် ပြန်ကြားရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နိုင်ရန် အဓိက ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

SOMRI Working Group on Content and Production အစည်းအဝေးများအား အဆိုပြုသည့် နိုင်ငံမှ ဆန္ဒအလျောက် ဦးဆောင် ကျင်းပသည့်စနစ်ဖြင့် အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မိုခါမုန်တိုင်းဘေးသင့်ဒေသများအတွက် နိုင်ငံတကာ၏ အလှူငွေများလှူဒါန်းခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၁

မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်ရရှိပြီးသူများအား မသန်စွမ်းထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြို့နယ်၁၀မြို့နယ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအမျိုးအစား၊ မသန်စွမ်းမှုအဆင့်နှင့် မသန်စွမ်းသူအရေအတွက် စသည့် မသန်စွမ်းသူများနှင့် ပတ်သက်သည့် အချက်အလက် (Statistic) များ ရရှိဖော်ထုတ်နိုင်ခြင်းဖြင့် မသန်စွမ်းသူများအတွက် နိုင်ငံတော်၏ မူဝါဒများ ချမှတ်၊အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး(**အပေါ်ယာပုံ**)၊ နေပြည်တော်ကောင်စီနှင့် ညွှန်ကြားရေးမှူးချုပ်များက ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မသန်စွမ်းကိုယ်စားလှယ်များကို မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် မသန်စွမ်းထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြသည်။

ဥတ္တရသီရိမြို့နယ်မှ မသန်စွမ်းသူ ၁၆၄ ဦးနှင့် ဇမ္ဗူသီရိမြို့နယ်မှ မသန်စွမ်းသူ ၈၉ ဦး စုစုပေါင်း မသန်စွမ်းသူ ၂၅၃ ဦးတို့ကို မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် မသန်စွမ်းထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ငွေကျပ်စုစုပေါင်း (ခုနစ်ဆယ့် ငါးသိန်းကိုးသောင်း) အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ယနေ့အထိ မသန်စွမ်းသူ ၃၉၂၆၈ ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၁၂၁၂ ဒသမ ၂၂၅ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် မိုခါမုန်တိုင်းဘေးသင့်ဒေသများအတွက် အလှူငွေများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မိုခါမုန်တိုင်းသင့်ဒေသများအတွက် နိုင်ငံတကာအလှူရှင်များ၏ လှူဒါန်းငွေများကို လာရောက်လွှဲပြောင်းပေးအပ်လျက်ရှိရာ ယခုသည် တတိယအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ယခုလှူဒါန်းမှုတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အမေရိကန် ဒေါ်လာ ၅ သောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ Mr. Ahn Jae Young က အမေရိကန် ၇၃၈ ဒေါ်လာနှင့် စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများက အမေရိကန်ဒေါ်လာ ၆၀၀ တို့ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိုခါမုန်တိုင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ပြည်တွင်း/ပြည်ပအလှူရှင်များ၏ လှူဒါန်းရရှိငွေမှာ မြန်မာငွေကျပ် ၃၃ ဒသမ ၂၆၄ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၈၄၅၆၁၉ ဒသမ ၄၃ တို့ဖြစ်ပါကြောင်း၊ မိုခါအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ယနေ့အထိ ငွေကျပ် ၆၈ ဒသမ ၇၄၃ ဘီလီယံ သုံးစွဲခဲ့ပါကြောင်း၊ ယခုလာရောက်လှူဒါန်းငွေများကိုလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ထည့်သွင်းပြီး လိုအပ်သည့်နေရာများတွင် စနစ်တကျ သုံးစွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလှူရှင်များနှင့် ကိုယ်စားလာရောက်လှူဒါန်းသည့် နိုင်ငံခြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ပါကြောင်းနှင့် လေးစားစွာမှတ်တမ်းတင်အပ်ပါကြောင်း ပြောကြား၍ အလှူငွေများကိုလက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများဖွင့်လှစ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သော အသက် (၆)လမှ (၃)နှစ်အရွယ် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သင်တန်းသူများက ကလေးသူငယ်ဖွံ့ဖြိုးရေးအသိပညာပေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသူများ၏ လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်)ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိမြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးက ကောလိပ်၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်အကောင်အထည်ဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အရည်အချင်း ပြည့်ဝသော ရေကြောင်း အရာရှိလောင်းများ မွေးထုတ်ရေးနှင့် နိုင်ငံတကာ အသိအမှတ်ပြု ရေကြောင်း ကောလိပ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးစား ဆောင်ရွက်သွားရန် မှာကြားပြီး ကောလိပ်ရှိ Simulator များ၊ စာသင်ခန်းများ၊ Lab ခန်းများ၊ စာကြည့်တိုက်၊ အိပ်ဆောင်များ၊ အလုပ်ရုံများနှင့် စားရိပ်သာတို့ကို လှည့်လည်စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် (သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၏ ရှင်းလင်း တင်ပြချက်များအပေါ် အဆောက်အဦများ တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်ပြီးမြောက်အောင် ကြိုးပမ်း ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်စာကြည့်တိုက်၊ ကျောင်းသား ကျောင်းသူများ အိပ်ဆောင် တည်ဆောက်နေမှုနှင့် ပလက်ဖောင်း တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် ဆန်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (**ယာပုံ**)

သတင်းစဉ်

တောင်တွင်းကြီးမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၂၁

ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာ ဗဟုသုတကြွယ်ဝပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက UAZL ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။ (**ဝဲပုံ**)

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် UAZL ကိုယ်ပိုင် အထက်တန်းကျောင်းမှ ဆရာမ ဒေါ်အေးနုတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ အဆိုပါစကားဝိုင်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ကို (ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်အတွင်း ကဒူးမြောင်းကူး ကုန်ထုတ်တံတားတစ်စင်း ပြန်လည်ပြုပြင်

ကျောက်ဆည် နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လယ်ယာထွက်ကုန်များ လွယ်ကူလျင်မြန်စွာ သယ်ယူနိုင်ရေးအတွက် ကဒူးမြောင်းကူး ကုန်ထုတ်တံတားတစ်စင်းကို ပြန်လည်ပြုပြင်ပေးထားပြီးဖြစ်သည်။

အဆိုပါမြောင်းကူးကုန်ထုတ်တံတားသည် ကျောက်ဆည်မြို့နယ် မဥ္ဇူခြံကျေးရွာအနီးတွင်တည်ရှိပြီး မြောင်းကမ်းကပ်ခုံများ ပျက်စီးကာ တံတားကြမ်းခင်းများ ခိုင်ခံ့မှုနည်းပါးလာခြင်း၊ ယာဉ်သွားလမ်းကျဉ်းမြောင်းလာခြင်းများကြောင့် အန္တရာယ်ဖြစ်နိုင်သဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၆ သန်းဖြင့် အလျား ၁၆ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၅ ဒသမ ၅ ပေ ရှိ ကွန်ကရစ်တံတားတစ်စင်းအဖြစ် ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း) နယ်စပ်ဒေသတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် မြန်မာအမျိုးသားရေးကွန်ရက်မှ ဆန္ဒပြမှုများအား အနောက်အုပ်စုအားပေးမီဒီယာများက နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမများအား အကြမ်းဖက်အဖွဲ့များမှ ဖမ်းဆီးထိန်းသိမ်းထားသော အခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

အွန်လိုင်းငွေလိမ်လည်မှုပြဿနာများ

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ရှမ်းပြည်နယ် (အရှေ့မြောက်) ဒေသမှာ အွန်လိုင်းငွေလိမ်လည်မှုပြဿနာများနဲ့ ပတ်သက်ပြီး တရားမဝင်ဝင်ရောက်နေထိုင်တဲ့ လူများရှာဖွေဖော်ထုတ်တာတွေ၊ ဖမ်းဆီးတာတွေ၊ လွှဲပြောင်းပေးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၂၁ ရက်နေ့မှာလည်း တရုတ်နိုင်ငံသား အမျိုးသား ၁၈၁၆ ဦး၊ အမျိုးသမီး ၄၃ ဦး၊ ပေါင်း ၁၈၅၉ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရထံ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့မှ ယနေ့အထိတရားမဝင် ဝင်ရောက်နေထိုင်သူအမျိုးသား ၃၇၃၃ ဦး၊ အမျိုးသမီး ၁၈၅ ဦး၊ စုစုပေါင်း ၃၉၁၈ ဦး လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှုကိစ္စတွေဟာ ကျွန်တော် ခဏခဏပြောသလို မြန်မာနိုင်ငံက တရုတ်နိုင်ငံကို လိမ်လည်တာလည်း မဟုတ်ဘူး။ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို လိမ်လည်တာလည်း မဟုတ်ဘူး။ ပြည်ပြေးရာဇဝတ်မှုကျူးလွန်ထားတဲ့ ရာဇဝတ်သားတရုတ်တွေက မြန်မာနိုင်ငံနယ်စပ်မှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး နှစ်နိုင်ငံစလုံးကိုလိမ်နေတာဖြစ်ပါတယ်။ နှစ်နိုင်ငံပြည်သူ ပြည်သားအားလုံးကို လိမ်လည်တာဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးနစ်နာရတာဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး အမြစ်ပြတ်ချေမှုန်းနိုင်ရေး ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့ တက်ကြွစွာပူးပေါင်းဆောင်ရွက်နေတာကို ပြည်ဖျက်မီဒီယာများပေါ့။ အဓိကတော့ အနောက်နိုင်ငံတွေကထောက်ပံ့ထားတဲ့ မီဒီယာများအနေနဲ့ မဟုတ်မမှန် သတင်းတွေထုတ်လွှင့်ပြီး တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပြည်သူလူထုအကြား အထင်အမြင်လွဲစေရေး ဆောင်ရွက်နေတာတွေရှိပါတယ်။

ဒီအထဲမှာ တရုတ်ကလိုချင်တဲ့သူတွေမပါတဲ့အတွက် မြောက်ပိုင်းအဖွဲ့တွေက ဆက်တိုက်နေတယ်ဆိုတဲ့ တိုက်ပွဲတွေ ဆင်နွှဲနေတယ်ဆိုတဲ့ ပုံစံတွေ ဒါတွေသည် နှစ်နိုင်ငံဆက်ဆံရေးမှာ အထူးသတိပြုရမယ့် အချက်တွေဖြစ်ပါတယ်။ သူတို့လိုချင်တာက နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ပျက်စီးစေရေးရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီရက်ပိုင်းတွေအတွင်းမှာ မြန်မာအမျိုးသားရေးကွန်ရက်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အကြမ်းဖက် တိုက်ခိုက်မှုတွေအပေါ်မှာ ဆန္ဒပြတာတွေရှိပါတယ်။ ဒါကိုလည်း နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားစေရေးအတွက် အနောက်အုပ်စုအားပေး မီဒီယာများက ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီနေရာမှာသတိထားစရာကောင်းတဲ့အချက်ကတော့ MNDAA အကြမ်းဖက်အဖွဲ့ရဲ့ တိုက်ခိုက်မှုတွေကို အဓိကမြန်မာနိုင်ငံထဲမှာ သတင်းဖြန့်ပေးနေတာက အနောက်နိုင်ငံရဲ့အထောက်အပံ့နဲ့ ရပ်တည်နေတဲ့ သတင်းဌာနတွေက အဓိကဖြစ်နေကြောင်း တွေ့ရပါတယ်။ ထပ်ပြီးထူးခြားမှုရှိတာက ဒီအကြမ်းဖက် MNDAA ရဲ့ တရုတ်ဘာသာနဲ့ရေးသားတဲ့ သတင်းတွေ၊ Website တွေမှာတောင် မတင်သေးဘူး။ အနောက်အားပေးနိုင်ငံတစ်ခုမှာရှိနေတဲ့ အနောက်နိုင်ငံတွေရဲ့ထောက်ပံ့မှုနဲ့ရပ်တည်နေတဲ့ မီဒီယာမှာ ဦးစွာပါလာတာတွေ့ရပါတယ်။ ပြီးရင် MNDAA အဖွဲ့နဲ့ ချိတ်ဆက်ပြီးတော့ သတင်းတွေကိုတင်နေတာလည်း တွေ့ရပါတယ်။ MNDAA အဖွဲ့မှာလည်း သတင်းပြန်ကြားရေးအဖွဲ့ ရှိပါတယ်။ အဲဒီသတင်းပြန်ကြားရေးအဖွဲ့နဲ့လည်း တိုက်ရိုက်ချိတ်ဆက်ပြီး လုပ်ဆောင်နေပါတယ်။ ဒါတွေက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ဆက်ဆံရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတွေမှာ အဓိကထား ဂရုပြုရမယ့် အချက်တွေဖြစ်ကြောင်း တွေ့ရှိရပါတယ်။

လွိုင်ကော်တက္ကသိုလ်ဆရာ၊ ဆရာမတွေကိစ္စ

နောက်တစ်ခုက လွိုင်ကော်တက္ကသိုလ်ဆရာ၊ ဆရာမတွေကိစ္စပါ။ ဒီနေ့မှာ လွိုင်ကော်တက္ကသိုလ်ဆရာ၊ ဆရာမတွေကိစ္စနဲ့ပတ်သက်ပြီး အကြမ်းဖက် KNPP အဖွဲ့အနေနဲ့ ဗီဒီယိုဖိုင်တွေတင်၊ ကြေညာချက်တွေထုတ်ပြီးတော့ သူ့ဆီမှာရှိတဲ့အကြောင်း ပြောကြားနေတာ၊ ဝါဒဖြန့်နေတာ တွေ့ရပါတယ်။ ဖြစ်စဉ်အမှန်ကတော့ လွိုင်ကော်တက္ကသိုလ်ထဲဝင်ပြီးတော့ ဆရာ၊ ဆရာမတွေကို ဖမ်းဆီးခေါ်ဆောင်သွားတာဖြစ်ပါတယ်။ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ သတင်းကြားရတဲ့နေရာမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့ပါတယ်။ ပြင်းထန်စွာရှုတ်ချကန့်ကွက်ခဲ့တဲ့အတွက်ကြောင့် ဒီဖိအားတွေ၊ ဒီလိုမျိုးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ရှုတ်ချခဲ့တဲ့အဖွဲ့တွေကြောင့် သူတို့အနေနဲ့ ဒီအချိန်မှာ ဖမ်းဆီးခေါ်ဆောင်သွားတာကို ဖုံးကွယ်တဲ့အနေနဲ့ ထိန်းသိမ်းထားတယ်ဆိုတဲ့ပုံစံမျိုး ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဗီဒီယိုဖိုင်တွေမှာလည်း ပြောခိုင်းတဲ့စကားတွေ ပြောနေရတယ်ဆိုတာလည်း တွေ့နိုင်မှာ ဖြစ်ပါတယ်။ မျက်နှာအနေအထားတွေကြည့်ရင်လည်း တွေ့နိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာထပ်ပြီး သတိထားစရာကောင်းတဲ့တွေ့ရှိချက်က ပြည်ဖျက်မီဒီယာများအနေနဲ့ NUG၊ PDF အမည်ခံအဖွဲ့တွေရဲ့ ကျောင်းတွေ ဖျက်ဆီးမှု၊ အခုလွိုင်ကော်တက္ကသိုလ်မှာဆိုရင် ဆရာ၊ ဆရာမတွေ ဖမ်းဆီးခေါ်ဆောင်သွားမှု၊ တက္ကသိုလ်အဆောက်အအုံထဲမှာ ဝင်ပြီး ပစ်ခတ်တိုက်ခိုက်ခဲ့မှု၊ ဆရာမတချို့ကို သတ်ဖြတ်သွားခဲ့မှု၊ ဒါတွေနဲ့ပတ်သက်ပြီး ထူးဆန်းစွာပဲ နှုတ်ဆိတ်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီနေ့ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုလုပ်ရပ်တွေက ပြည်တွင်းမှာရှိနေတဲ့ ပြည်ဖျက်၊ ပြည်ပမှာရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေ ပူးပေါင်းပြီး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ သူတို့ပြောနေတဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့အရာမျိုးကို ဦးတည်ပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်သိစွာနဲ့ရှုတ်ချခဲ့တဲ့ အဖွဲ့အစည်းအသီးသီးကိုလည်း ဒီနေရာကနေ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ထိန်းသိမ်းခံထားရတဲ့ ဆရာ၊ ဆရာမတွေနဲ့ပတ်သက်ပြီး တစ်စုံတစ်ခုထိခိုက်နစ်နာမှုရှိခဲ့ရင် ဖမ်းဆီးထိန်းသိမ်းထားတဲ့အဖွဲ့က တာဝန်ယူပြီးတာဝန်ခံရမယ်၊ ကြီးလေးတဲ့ ပြစ်ဒဏ်ခံရမယ်ဆိုတာကို ပြောလိုပါတယ်။

ထိတွေ့တိုက်ပွဲအခြေအနေများ

ဒီနေ့ ထိတွေ့တိုက်ပွဲအခြေအနေများအနေနဲ့ကတော့ ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း) နမ့်စလပ်နဲ့မုန်းကျက်မှာ MNDAA၊ TNLA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ အင်အားအလုံးအရင်းသုံးပြီး တိုက်ခိုက်နေတာရှိပါတယ်။ အဲဒီအဖွဲ့တွေအနေနဲ့ အကျအဆုံးများစွာရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ အဲဒီမှာ တိုက်ပွဲဝင်နေတဲ့ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ မှီခိုသူ ရဲမေများအားလုံးကို နိုင်ငံတော်အကြီးအကဲ၊ တပ်မတော်အကြီးအကဲများအားလုံးက အထူး ဂုဏ်ပြုလေးစားပါကြောင်း ပြောကြားလိုပါတယ်။ ရဲဘော်၊ ရဲမေတို့ ဆင်နွှဲနေတဲ့ နိုင်ငံတော်ကာကွယ်ရေး၊ နယ်မြေလုံခြုံရေး တရားသောစစ်သည် အောင်မြင်ရမှာဖြစ်ပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေမှာတော့ ပေါက်တောမြို့မှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့က ပြန်လည်ထိန်းချုပ်ခဲ့တာရှိပါတယ်။ ဒီနေ့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့အနေနဲ့ ပေါက်တောမြို့ လုံခြုံရေးအတွက် ကင်းလှည့်လည်ခဲ့ပါတယ်။ ကင်းလှည့်လည်တာကို ပစ်ခတ်ခဲ့တာရှိပါတယ်။ နောက်တစ်ခုကတော့ ကျောက်တော်မှာရှိနေတဲ့ ပြည်သူလူထုအသုံးပြုနေတဲ့ ရေယာဉ်တွေဖြစ်တဲ့ ရေနယား(၁)ရေယာဉ်နဲ့ ရေဘဝဲ(၄)ရေယာဉ်တွေကို AA အနေနဲ့ အကြမ်းဖက်ယူဆောင်သွားကြောင်း သိရပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ အရင်နေ့က ဖြစ်နေတဲ့ အကျဉ်းထောင်ကို လာရောက်ပစ်ခတ်ခဲ့တာမျိုးတွေ ရှိနေပါတယ်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေမှာပဲ လောက်ကိုင်အနီးတစ်ဝိုက်မှာ အဝေးကနေ ပစ်ခတ်ခဲ့တာရှိတယ်။ လောက်ကိုင်မြို့ထဲကို ၁၀၇ မီလီမီတာ ရှော့တိုက်ဒုံးနဲ့ အကြောင်းမဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ လူနေအဆောက်အအုံတွေအထဲကို ပစ်ခတ်ခဲ့ခြင်းဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဘက်မှာတော့ ကလေးလေဆိပ်လေယာဉ်ပြေးလမ်းပေါ်မှာ Drone နဲ့ Drop Bomb ချပြီးတိုက်ခိုက်ခဲ့တာ ရှိပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ လမ်းတံတားတွေ၊ ပြည်သူပိုင်အဆောက်အအုံတွေ၊ ပြည်သူပိုင်ရေယာဉ်တွေကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒီကိစ္စမှာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သိရှိထားရမှာက သောင်းကျန်းသူတွေရဲ့ရည်ရွယ်ချက်က စစ်ဘက်နဲ့ သက်ဆိုင်တဲ့နေရာတွေကို တိုက်ခိုက်တာထက် ပြည်သူလူထုနဲ့သက်ဆိုင်တဲ့နေရာတွေ၊ ပြည်သူပိုင်နေရာတွေကို အဓိကထားတိုက်ခိုက်နေတာဖြစ်တယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ အခုဖြစ်ပွားနေတဲ့ ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း) အချို့နယ်မြေတွေက ရှမ်းလူမျိုးတွေ အများဆုံးနေထိုင်တဲ့ နယ်မြေတွေဖြစ်ပါတယ်။ TNLA၊ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ မြို့ရွာတွေကို တိုက်ခိုက်တယ်။ မြို့ရွာအနီးအနားမှာရှိတဲ့ စခန်းတွေကိုတိုက်ခိုက်တယ်။ ပြီးရင် အစောပိုင်းက ကျွန်တော်ပြောခဲ့တဲ့ ရှမ်းလူမျိုးတွေပိုင်ဆိုင်တဲ့ အိမ်တွေ၊ နေရာတွေမှာ ဝင်ရောက်နေရာယူတယ်။ အဲဒီအထဲကနေ တပ်စခန်းတွေကို တိုက်ခိုက်တာမျိုးတွေ တွေ့ရပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာရှမ်းလူမျိုးတွေအနေနဲ့လည်း ရှမ်းပြည်နယ်မှာရှိတဲ့ အဖွဲ့အစည်းတွေ နှုတ်ဆိတ်နေတာကို စတင်ပြီးကန့်ကွက်တာတွေ၊ သဘောထားထုတ်ဖော်ပြောကြားလာတာတွေကို တွေ့ရပါတယ်။ ဒါတွေက တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံးနဲ့ သက်ဆိုင်တာဖြစ်ပါတယ်။ သောင်းကျန်းသူအဖွဲ့အစည်း၊ NUG၊ PDF အဖွဲ့အစည်းဆိုတာက အစောပိုင်းကပြောခဲ့တဲ့ သူတို့အာဏာရရှိရေးနဲ့ မြန်မာပြည်ကို အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတဲ့အဖွဲ့တွေဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပြီး ဆန့်ကျင်ချေမှုန်းရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

သတင်းစဉ်

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များကို ကယ်ထုတ်သွားခဲ့ကြောင်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၂၁

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များသည် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်ရေးနှင့်မသက်ဆိုင်သည့် ကယားပြည်နယ်၊ လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အေးချမ်းစွာ ပညာသင်ကြားလျက် ရှိသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များကို ၎င်းတို့အနေဖြင့် အတင်းအဓမ္မ ဖမ်းဆီး ခေါ်ဆောင်ခဲ့ပြီးနောက် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန် ဝါဒဖြန့် သတင်းများ ထုတ်ပြန်လျက်ရှိသည်ကို တွေ့ရှိရသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအနေဖြင့် လွိုင်ကော်တက္ကသိုလ်ကို အင်အား အလုံးအရင်းအသုံးပြုဝင်ရောက်တိုက်ခိုက်ခဲ့ချိန်တွင် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား CDM မပြုလုပ်သည့်အတွက် သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကာ လူသားဒိုင်းအဖြစ် အသုံးပြုရန် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သာဖြစ်ပြီး ဆရာ၊ ဆရာမအချို့ကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၎င်းတို့၏ လုပ်ရပ်ကြောင့် သင်ကြားရေးအထောက်အကူပြု အဆောက်အဦအချို့ ထိခိုက် ပျက်စီးခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၃ ရက်တွင် အဆိုပါတက္ကသိုလ်၌ စတင်ဖြေဆိုမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲများကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထိခိုက်နစ်နာမှုများစွာကို ဖြစ်ပေါ်စေခဲ့ကြောင်း တွေ့ရှိရသည်။

၎င်းတို့အနေဖြင့် အေးချမ်းစွာ ပညာ သင်ကြားလျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းကို ကယ်ထုတ်ခဲ့သည်ဟူ၍လည်းကောင်း၊ ကောင်းမွန်စွာဖြင့် ထိန်းသိမ်းထားရှိသည်ဟူ၍လည်းကောင်း ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်၍ ၎င်းတို့အလိုကျ အကွက်ဆင်ပြောဆိုရိုက်ကူးထားသည့် Video file ကို အသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသည့် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် နိုဝင်ဘာ ၂၀ ရက်တွင် မဟုတ်မမှန် ဝါဒဖြန့်ထုတ်ပြန်မှုများကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံခဲ့ရသည့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမများ၊ မိသားစုဝင်များအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ရေး လိုအပ်သည်များကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမ အချို့အား ရက်စက်စွာ သတ်ဖြတ်ထားရှိမှုအား အွန်လိုင်း အထောက်အထား ဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်တိုက်ခိုက်မှုကြောင့် ပညာရေးဆိုင်ရာ အဆောက်အဦများ ပျက်စီးဆုံးရှုံးရမှုများအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

Khit Thit Media
23 h

လွိုင်ကော်တက္ကသိုလ် မှ ပါမောက္ခချုပ် အပါအဝင် Non-CDM ဆရာ ၊ ဆရာမများနှင့် မိသားစုဝင်များ လုံခြုံ ဘေးကင်းစွာရှိနေဟု လူစာရင်းနှင့်တကွ KNDF က ကြေညာ

ရန်ကုန်၊ နိုဝင်ဘာ ၂၀

ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့သို့ ဝင်ရောက်သော KNDF စစ်ကြောင်း၏ ၁၁၁ စစ်ဆင်ရေးတွင် စစ်ကောင်စီတပ်က လွိုင်ကော်တက္ကသိုလ် မှ ဆီးကြို တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး တက္ကသိုလ် ဝန်ထမ်းများ နှင့် မိသားစုဝင်များ ကျောင်းဝန်းအတွင်း ပိတ်မိနေခဲ့သော်လည်း KNDF က ကယ်ဆယ်ခဲ့ကြောင်း ယနေ့ညပိုင်း တရားဝင်သ တင်းထုတ်ပြန်သည်။

စစ်ကောင်စီတပ်က လေယာဉ် [illegible] ကျခြင်း၊ လက်နက်ကြီးဖြင့် အဆက်မပြတ် ပစ်ခတ်လာခြင်းကြောင့် အထက်ပါ လွိုင်ကော်တက္ကသိုလ် မှ ဝန်ထမ်းနှင့် မိသားစုများ ၊ စက်မှုကျောင်းမှ ဝန်ထမ်းများအပါအဝင် (၂၀၈)ဦးတို့ကို လက်နက်ကြီးကျရောက်မှု အနည်းငယ် လျော့နည်းလာစဉ် အချိန်၌ KNDF က ဘေးကင်းရာသို့ အရေးပေါ် ကူညီရွှေ့ပြောင်းခဲ့ရကြောင်း သိရှိရသည်။

လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန် ဝါဒဖြန့်သတင်းများ ထုတ်လွှင့်နေမှုအား တွေ့မြင်ရစဉ်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများနှင့် မိသားစုဝင်များအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး အွန်လိုင်းပေါ်တွင် ကယ်တင်ခဲ့သည်ဟု မဟုတ်မမှန် ဝါဒဖြန့်အသုံးပြုခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။

လှိုင်မြို့နယ်၌ ရေယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ နိုဝင်ဘာ ၂၀ ရက်က ရေယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အေးရွာသမ္ဗန်ဆိပ်မှ လှိုင်မြို့နယ် ဘူတာရုံသမ္ဗန်ဆိပ်သို့ ရန်ကုန်မြစ်ကြောင်းအတိုင်း ကြည့်မြင်တိုင်မြို့နယ် အေးရွာရပ်ကွက်နေ ဦးအောင်ရွှေ(၅၅)နှစ်မောင်းနှင်ပြီး ဇလွန်မြို့နယ် ကလောကျေးရွာနေ ပြည့်အောင်(၁၇)နှစ်လိုက်ပါလာသော သမ္ဗန်ရေယာဉ်သည် မြဝတီဆိပ်ကမ်းရှေ့အရောက်၌ ကြည့်မြင်တိုင်ဘက်မှ ဘုရင့်နောင်တံတားဘက်သို့ ဇလွန်မြို့နယ် သဖန်းကုန်းကျေးရွာနေ မင်းအောင်(၄၂)နှစ်မောင်းနှင်သည့် ရွှေဝါထွန်း(၄) တွန်း/တွဲရေယာဉ်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးအောင်ရွှေတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် မင်းအောင်အား သက်ဆိုင်ရာ ရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

မိုင်းတုံမြို့၌ ဂက်(စ်)မီးဖိုဖြင့် ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားပြီး နှစ်ထပ်ဈေးဆိုင်ခန်း ၁၈ ခန်း မီးလောင်ဆုံးရှုံး

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်တွင် နိုဝင်ဘာ ၂၀ ရက်က ဂက်(စ်)မီးဖိုဖြင့် ထမင်းချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မိုင်းတုံမြို့ မြို့မရပ်ကွက် မြို့နယ်အားကစားကွင်းတိုက်တန်း၊ အခန်းအမှတ်(၅)နေ စိုင်းခမ်းမိုး(ခ)စိုင်းပီး(၃၉)နှစ် ၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့၍ ဖြစ်စဉ်အား စိစစ်ခဲ့ရာ စိုင်းခမ်းမိုး(ခ)စိုင်းပီးသည် ဆိုင်ခန်းအနောက် အောက်ထပ်မီးဖိုခန်းအတွင်း ဂက်(စ်) မီးဖိုဖြင့် ထမင်းချက်ရာမှ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နှစ်ထပ်ဈေးဆိုင်ခန်း ၁၈ ခန်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် စိုင်းခမ်းမိုး (ခ) စိုင်းပီးအား မိုင်းတုံမြို့မရဲစခန်း (ပ) ၁၉/ ၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်လျက်ရှိသည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ရှိ စခန်းသစ်လုံခြုံရေးစခန်းအား TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တိုက်ခိုက်လျက်ရှိပြီး တပ်မတော်မှ နယ်မြေဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တပ်မတော်မှ အဆိပ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်လာခဲ့သည်ဟု TNLA အဖွဲ့မှ မဟုတ်မမှန်သတင်းထုတ်ပြန်ချက်တစ်ခုကို Online မီဒီယာများတွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ TNLA အဖွဲ့၏ မဟုတ်မမှန် ကြေညာချက်အား ခေတ်သစ်မီဒီယာ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက် စာမျက်နှာများ၌ ဖော်ပြမှုများပြုလုပ်၍ သတင်းအမှားများကို အသီးသီးထုတ်လွှင့်ခဲ့ကြသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများအား မည်သည့်တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး ဆောင်ရွက်ရာတွင် ထိရောက်သောလက်နက်ကြီးပစ်ကူဖြင့် တပ်မတော်သားများ၏ ရှုပ်ရှပ်ချုံချုံ တိုက်ခိုက်မှုများကြောင့် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကျအဆုံးများလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ်မရှိကြတော့သဖြင့် အဆိပ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန်လုပ်ကြံ၍ ပြည်ဖျက်မီဒီယာများအားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာအနီးသို့ တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာအနီးသို့ နိုဝင်ဘာ ၁၉ ရက် ည ၁၁ နာရီခန့်တွင် တပ်မတော်မှ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူများသေဆုံးခဲ့ရကြောင်းကို လူမှုကွန်ရက် စာမျက်နှာများ၌ မဟုတ်မမှန် သတင်းမှားများ ထုတ်လွှင့်ဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာအနီး၌ ထိတွေ့တိုက်ပွဲ ဖြစ်ပွားစဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ် တိုက်ခိုက်ခဲ့မှုကြောင့် ကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး တပ်မတော်မှ အဆိုပါဖြစ်စဉ်နေရာသို့ လေကြောင်းအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်းနှင့် တပ်မတော်နှင့် ပြည်သူပူးပေါင်း၍ အကြမ်းဖက်မှုနှိမ်နင်းရေး ဆောင်ရွက်နေမှုများကို မလိုလားသည့် ပြည်ဖျက်မီဒီယာများက ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးကွဲစေရန် ရည်ရွယ်ချက်ဖြင့် သတင်းအမှား၊ သတင်းအတုများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထူးခြားသည့်ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၁

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ လွိုင်လင်မြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီနှင့် တီးတိန်မြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

ရန်ကုန်တွင်ပေါ်တာဆွဲခြင်း မရှိ၊ လတ်တလောသတင်းမှာ အမှားဖြစ်၍ ပြည်သူများ စိတ်ပူရန်မလိုဟုဆို

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တွင်ပေါ်တာဆွဲခြင်း မရှိ၊ လတ်တလောသတင်းမှာ အမှားဖြစ်၍ ပြည်သူများ စိတ်ပူရန်မလိုကြောင်း စုံစမ်းသိရှိရသည်။

"ဒီလိုအချိန်မှာ သတင်းတွေကို ကောလာဟလ ဖြန့်နေကြတာပါ။ ပေါ်တာဆွဲတယ်ဆိုတာ မဟုတ်ဘူး။ ပြည်သူတွေ စိတ်ပူဖို့မလိုဘူးဆိုတာ ပြောချင်တယ်" ဟု တာဝန်ရှိသူက ပြောသည်။

လူမှုကွန်ရက်တွင် ပေါ်တာဆွဲနေသည်ဆိုသော သတင်းများ ပျံ့နှံ့နေသောကြောင့် ညပိုင်းအချိန်တွင် လူသွားလူလာ နည်းပါးနေကြောင်း မြို့ခံများက ပြောသည်။

"ကျွန်တော်တို့ မြို့နယ်မှာ ပေါ်တာဆွဲတယ်ဆိုလို့ လူငယ်လေးတွေ အပြင်မထွက်ကြဘူး။ ဒါပေမယ့် ဘယ်မှာပေါ်တာဆွဲလဲလို့မေးရင်လည်း တိတိကျကျ ဘယ်သူမှ မပြောနိုင်ဘူး။ ဒါကြောင့် ကျွန်တော်ကတော့ လက်လှမ်းမီသလောက် ဒီသတင်းဟာ အခြေအမြစ်မရှိတာဖြစ်လို့ မယုံကြဖို့ ပြောပြပါတယ်" ဟု ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မကြာသေးမီကလည်း ဘဏ်များနှင့်ပတ်သက်သည့် ကောလာဟလသတင်း၊ တက္ကသိုလ်ကျောင်းသားများ စစ်သင်တန်းတက်ရမည်ဆိုသော သတင်းများ ကောလာဟလပြန့်ခဲ့သေးသည်။

Myo Khaing

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့

ထားဝယ် နိုဝင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၂-၂-၂၀၂၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ထားဝယ်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ဝင် ၄၈ ဦး၊ မြိတ်မြို့နယ် ရဲမှုထမ်းဟောင်းအဖွဲ့ဝင် ၄၈ ဦး၊ ကော့သောင်းမြို့နယ် ရဲမှုထမ်းဟောင်း အဖွဲ့ဝင် ၃၀ စုစုပေါင်း ၁၂၆ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထားဝယ်မြို့နယ်၊ မြိတ်မြို့နယ်၊ ကော့သောင်းမြို့နယ်ရှိ ရဲမှုထမ်းဟောင်းအဖွဲ့များအား တစ်ဖွဲ့လျှင် မတည်ရန်ပုံငွေကျပ် သိန်း ၃၀ စီဖြင့် စုစုပေါင်း ကျပ်သိန်း ၉၀ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပြီး ယနေ့တွင် ရဲမှုထမ်းဟောင်းတပ်ဖွဲ့ဝင်တစ်ဦးလျှင် ဆန်ခြောက်ပြည်ပါ တစ်အိတ်၊ ဆီတစ်ပိဿာနှင့် ကြက်ဥအစရှိသော စားသောက်ကုန်များ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား ငွေကျပ်သိန်း ၉၀၊ အဖွဲ့ဝင်များအား အခြေခံစားကုန်များနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့အား ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ရာ အဖွဲ့ဝင်များအားလုံးကိုယ်စား ရဲမှုထမ်းဟောင်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာသော ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

၂၀၂၃ ခုနှစ် နိုဝင်ဘာလ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ပြီး ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၇ ဒီဂရီ ဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၄၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၆ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်းနှင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၈၈ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၃ မီလီမီတာမှ ၂၃ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယား ပြည်နယ်တို့တွင် ၂၄ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၅ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**

❑ *ကျောဖုံးမှ*

တာဝန်ကျပူးပေါင်းအဖွဲ့က အမရပူရမြို့နယ် ၆၇ လမ်းနှင့် ၁၄၆(F) လမ်းထောင့်၊ အမှတ်-၂၉ (E)ရှိ ဂိုဒေါင်အား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Justus Beer ဘူး ၄၃၂၀၊ Maximus Beer ၄၈၂၄ ဘူးနှင့် Esse စီးကရက် အတောင့် ၇၅၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင် စားသုံးဆီတစ်လီတာပါ ဘူး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀)ကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၂၆၈ တန်၊ အခြားသစ် ၀ ဒသမ ၅၀၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၃၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၂၃၂ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Toys (ကလေးကစားစရာအရုပ်များ) ၁၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် စီးကရက်ကုန်ကြမ်း Tipping Paper ၁၂ လိပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀) ကို လည်းကောင်း၊ ထီးတန်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Yokoshima ရေစုပ်စက်အလုံး ၅၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၃၇၀၀၀) ကို လည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ပိုင်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိသည့် မြေတူးစက် Drilling Machine (Used) ၄၂ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၇၆၇၁၄)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Mydot Tablets အားဆေး ၁၀၀၈ ဘူး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၅၇၅၀၀၈) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Khian Guan ဘီစကွတ်ဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၉၂၈၇၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၀ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၆၀၈၆၉၅၄)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

---

* *ကျောဖုံးမှ*

မလိကြယ်စင်အသင်း၊ Generations အသင်းနှင့် SGF အသင်း၊ လင်းလက်အသင်းနှင့် UPK အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှုံးထွက်အဆင့် တက်ရောက်

ယခုပြိုင်ပွဲတွင် အသင်း စုစုပေါင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (A) တွင် လက်ရှိချန်ပီယံ VUC အသင်းနှင့် M2K အသင်း အုပ်စု (B) တွင် Winner Soccer အသင်းနှင့် မလိကြယ်စင်အသင်း၊ အုပ်စု (C) တွင် Futsal-19 အသင်းနှင့် SGF အသင်း၊ အုပ်စု (D) တွင် Dream Team အသင်းနှင့် UPK အသင်း၊ အုပ်စု (E) တွင် TG United အသင်းနှင့် YRG အသင်း၊ အုပ်စု (F) တွင် MIU အသင်းနှင့် DT Legends အသင်း၊ အုပ်စု (G) တွင် Generations အသင်းနှင့် ပြည့်စုံအသင်း၊ အုပ်စု (H) တွင် လင်းလက်အသင်းနှင့် M-Million အသင်းတို့ ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့သည်။

ဗိုလ်လုပွဲကျင်းပမည်

ကွာတားဖိုင်နယ် ပွဲစဉ်များကို နိုဝင်ဘာ ၂၅ ရက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို နိုဝင်ဘာ ၂၇ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

တောင်ကြီးမြို့ (၇၁) ကြိမ်မြောက် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂၁

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လောကချမ်းသာ စူဠာမုနိ ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်ပူဇော်ကြပြီး စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပေးကြသည်။

ဆက်လက်၍ တန်ဆောင်တိုင်ပွဲတော်အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ် ဝန်ကြီးများ၊ ပအိုဝ်းစာပေ ယဉ်ကျေးမှုအဖွဲ့ နာယက၊ ရပ်မိရပ်ဖ၊ မီးပုံးပျံပညာရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ရှမ်းပြည်နယ်၏ အထင်ကရ တန်ဆောင်တိုင် ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပပေးခြင်းဖြင့် ရှမ်းပြည်နယ် အတွင်း နေထိုင်ကြသော တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာပွဲတော်ကို ဖော်ထုတ်မြှင့်တင်အားပေးခြင်း ဖြစ်ပါကြောင်း၊ တောင်ကြီး တန်ဆောင်တိုင် ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်အပါ (၇၁) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ယခုနှစ် တန်ဆောင်တိုင် ပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော် ကာလအတွင်း မြို့လုံးကျွတ် ဘုံကထိန် ပဒေသာပင် လှည့်လည်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံ ပြိုင်ပွဲ (တစ်ကောင်ချင်း/ အုပ်စုအရုပ်)၊ ယမ်းမီးကြီးညလွှတ် မီးပုံးပျံပြိုင်ပွဲနှင့် စိန်နားပန် မီးပုံးပျံ ပြိုင်ပွဲများကို ကျင်းပပေး သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေး ကော်မတီနာယက ပြည်နယ် ဝန်ကြီးချုပ်က တန်ဆောင်တိုင် ပွဲတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** စိန်နားပန် မီးပုံးပျံနှစ်လုံး လွှတ်တင်ပေး၍ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးပုံးပျံ အလတ်အလုံး ၅၀ ၊ ကျောင်းသား၊ ကျောင်းသူ ၁၂၀၀ က မီးပုံးပျံအသေး ၃၀၀ နှင့် ပရိသတ်များက ကုမ္ပဏီမီးပုံးပျံ အသေး ၂၀၀၀ လွှတ်တင်ပေး၍ မီးရှူး၊ မီးပန်း ပစ်ဖောက်ပေးကြပြီး **(အောက်ပုံ)** ၂၀၁၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် ဆုရ သီချင်းဖြင့် တိုင်းရင်းသား ယဉ်ကျေးမှုအကဖွဲ့နှင့် ပညာရေး ဒီဂရီကောလိပ် အကအဖွဲ့တို့က တူညီအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ခေတ်ပေါ်တေးဂီတ တီးဝိုင်းမှ ဒေသခံအဆိုတော်များက ညွှတ်ခံ ဖျော်ဖြေတင်ဆက် ကြကြောင်း သိရသည်။

မောင်မောင်သန်း(ပြန်/ဆက်)

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ချောင်းသာမြို့ တိုက်နယ် ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ချောင်းသာမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၂၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၄၂၅ ဦး၊ ခွဲစိတ်ရောဂါ ၅၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၉ ဦး၊ ကလေး ရောဂါ ၆၅ ဦး၊ အရိုးရောဂါ ၁၃၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်း ရောဂါ ၇၀၊ မျက်စိရောဂါ ၂၂၆ ဦး နှင့် သွားနှင့်ခံတွင်းရောဂါ ၉၅ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၇ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူ သုံးဦးတို့ကို နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ဇလွန်မြို့ရှိ ရဟန္တာဦးသီလဓာတ်တော် စေတီဝင်းအတွင်းရှိ ဦးသီလ သာသနာ့ ဗိမာန်၌ အခြေပြု၍ ဇလွန်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၀၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှု ဆိုင်ရာရောဂါ ၁၅၇ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွား/ မီးယပ်ရောဂါ ခြောက်ဦး၊ ကလေးရောဂါ ကိုးဦး၊ အရိုးရောဂါ ၅၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၃ ဦး၊ မျက်စိရောဂါ ၁၂၆ ဦးနှင့် သွားရောဂါ ၁၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ရှစ်ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ခြောက်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ နှစ်ဦးကို နီးစပ်ရာတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်။

ဦးသီဟအောင် (အုပ်ချုပ်ရေးမှူး၊ ချောင်းသာမြို့)

ကျွန်တော်ကတော့ ချောင်းသာမြို့မှာ မြို့အုပ်ချုပ်ရေး တာဝန်ယူ ဆောင်ရွက်ရပါတယ်။ ဒီကပြည်သူတွေအတွက် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အဲ့တာတွေ အကုန်လုံး ဆောင်ရွက်ရပါတယ်။ တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ်သင်္ဘော (သံလွင်) အခမဲ့ ဆေးကုသရေးအဖွဲ့ လာရောက်တဲ့အခါမှာ ဒေသခံပြည်သူတွေ ဆေးကုသနိုင်ဖို့ အတွက် ကျွန်တော်တို့ အုပ်ချုပ်ရေး အဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ဆော်ဩတာတွေ၊ စုရပ်လုပ်တာတွေ၊ သူတို့ နားခိုဖို့ အတွက် ဆောင်ရွက်ပေးပါတယ်။ သွားရေး လာရေးအတွက် ကားတွေ၊ ရေယာဉ်တွေ ဆောင်ရွက်ပေးထားပါတယ်။ သူတို့ စားဖို့ သောက်ဖို့၊ နေဖို့ထိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အခုလို တပ်မတော် အခမဲ့ဆေးကုသရေးအဖွဲ့ လာရောက်တဲ့အတွက် ကျွန်တော်တို့ ဒေသမှာလည်း ဆေးသွားရောက်ကုသမယ်ဆိုရင် မြို့ပေါ်သွားရမှာနဲ့ ရေတစ်တန်၊ ကုန်းတစ်တန်နဲ့ဆိုတော့ များစွာ အခက်အခဲရှိပါတယ်။ ဒီမှာ ၂၅ ခုတင်ဆံ့ ဆေးရုံပဲရှိတာဖြစ်တဲ့ အတွက် လုံလောက်မှုတော့ မရှိပါဘူး။ အဲဒီအတွက် ရောဂါပေါင်းစုံကို ကုသနိုင်တဲ့ ဆရာဝန် ပါရဂူကြီးတွေ ကုသတဲ့ မပြည့်စုံတဲ့ မိသားစုတွေက အဝေးကို မသွားရဘဲ ဒီအနီးမှာ ကုသရတဲ့အတွက် အားလုံး အဆင်ပြေတယ်၊ အကျိုးကျေးဇူးလည်း ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒေသခံတွေကလည်း ကြိုဆိုပါတယ်။ ဒီကပြည်သူတွေကလည်း ကျေးဇူးတင်ပါတယ်။ ဌာနဆိုင်ရာများကလည်း ကျေးဇူးတင်ပါတယ်။ နောက်နောင်လည်း ဒီလို ကုသပေးဖို့ ကျွန်တော်တို့ အရပ်ဒေသကနေ ဖိတ်ခေါ်ပါတယ်။ အခုလိုလာရောက် ဆေးကုနိုင်အောင် စီစဉ်ပေးတဲ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နဲ့ ဆရာဝန်ကြီးတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။

ဉူးဥတ္တမ (ရေလယ်ပရိယတ္တိစာသင်တိုက်၊ ဇလွန်)

နားမကြားတဲ့ ရောဂါပေါ့နော် အဲဒါကြောင့် လာရောက်ပြသတာပါ။ ပြသတဲ့အခါမှာ ဒီက ဆရာဝန်တွေ၊ ဆရာမတွေ အားလုံးကလည်း လိုအပ်တာ မှန်သမျှ အကုန်လုံး အဆင်ပြေအောင် ဆောင်ရွက်ပေးပါတယ်။ ဆေးဝါးကအစ ဘာမှ ပြောစရာမရှိအောင် ဆောင်ရွက်ပေးပါတယ်။ ဦးပဥ္စင်း တို့အနေနဲ့ သူတို့က ဒီလို ဒီအကြောင်းပဲ၊ ဦးပဥ္စင်းမှာ ရောဂါရှိရင် လာရောက် ပြသလို့ရတယ်၊ သူ့ဌာနနဲ့သူဆိုလို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ ဒကာ၊ ဒကာမတွေအတွက် လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှု အတိုင်းအတာကို သူတို့ပေးသွားတာပဲလေ။ သူတို့ကိုပေးသွားတဲ့ အခါမှာ သူတို့အတွက် ကိုယ်ကျိုးဆိုတာ ဘာရှိလို့လဲ၊ သူတို့တတ်တဲ့ ပညာနဲ့ ဇီဝိတဒါန အကုန်လုံး ရဟန်းသံဃာတွေကအစ လူတွေ အကုန်လုံးကို လာပြီးတော့ ကုသပေးတာ အလွန်ကျေးဇူးတင်ဖို့ကောင်းပါတယ်။ ဘယ်သူပဲ ဖြစ်ဖြစ် ကျေးဇူးတရားကို သိတတ်မယ်ဆိုရင် အလွန် ကျေးဇူးတင်သင့် ပါတယ်။ ဘယ်လိုပဲ ဖြစ်နေနေ၊ ဘာပဲ ဖြစ်ဖြစ် အဓိက ကတော့ ဘယ်နေရာပဲ ရောက်ရောက် ရိုးရိုးသားသားနဲ့ နေထိုင်ကြမယ်ဆိုရင်၊ ရိုးသားမှုတစ်ခုကို အခြေခံမယ်ဆိုရင် အားလုံးက အေးချမ်းစွာနဲ့ နေထိုင်လှုပ်ရှားကြမှာပါ။ ဦးပဥ္စင်းကလည်း ဒကာတို့ဆေးကုမှု အဖွဲ့အားလုံးကို အားလုံး ကိုယ်စား ကျေးဇူးအထူးတင်ပါတယ်ကွယ်။

သတင်းစဉ်

အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နောက်တစ်ကြိမ်တွေ့ဆုံရန် သဘောတူ

ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၂၁

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ပြီးခဲ့သည့် သီတင်းပတ်က ဆန်ဖရန်စစ္စကိုအနီး ထိပ်သီးအစည်းအဝေးပြုလုပ်စဉ် နောက်တစ်ကြိမ်တွေ့ဆုံရေးနှင့် ပတ်သက်ပြီး သဘောတူခဲ့ကြကြောင်း အမေရိကန်အကြီးတန်း အရာရှိတစ်ဦးက ပြောသည်။

၎င်းတို့သည် ဗုဒ္ဓဟူးနေ့က တစ်နှစ်အတွင်း ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံစဉ် ၎င်းတို့နိုင်ငံများအကြား စစ်ဘက်ရေးရာများနှင့် ပတ်သက်ပြီး အဆင့်မြင့်ဆွေးနွေးပွဲ ပြန်လည်စတင်ရန် သဘောတူခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦး အနေဖြင့် နောက်တစ်ကြိမ် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့တွေ့ဆုံမည့်အချိန်ကို မသတ်မှတ်ရသေးကြောင်း အိမ်ဖြူတော်အမျိုးသား လုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက တနင်္လာနေ့တွင် သတင်းထောက်များကို ပြောသည်။

ထို့အပြင် ခေါင်းဆောင်များအနေဖြင့် တယ်လီဖုန်းဖြင့် အပါအဝင် စကားပြောလိုပါက နှစ်နိုင်ငံ တာဝန်ရှိသူများအနေဖြင့် စီစဉ်ပေးနိုင်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ထိပ်သီးအစည်းအဝေးအပြီးတွင် အမေရိကန်နောက်ထပ် အကြီးတန်းအရာရှိ တစ်ဦးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

နိုင်ဂျီးရီးယားကလေးငယ် သန်း ၁၀၀ ခန့် ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ရင်ဆိုင်နေရဟုဆို

အဘူဂျာ နိုဝင်ဘာ ၂၁

အာဖရိက၏ လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံတွင် ထိခိုက်လွယ်သော ကလေးငယ် သန်း ၁၀၀ ခန့်သည် ရာသီဥတု ပြောင်းလဲမှုဒဏ်နှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)၏ ထုတ်ပြန်ချက်အရ သိရသည်။

ကလေးငယ်များ ရာသီဥတု ပြောင်းလဲမှုဒဏ်ခံရမှုနှင့် ပတ်သက်ပြီး နိုင်ဂျီးရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အထိခိုက်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ကလေးငယ် သန်း ၁၀၀ ခန့်မှာ အပူချိန်မြင့်တက်လာခြင်း၏ ပြင်းထန်သော ဖြစ်ရပ်များကို ရင်ဆိုင်နေကြရကြောင်း နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာနိုပြည်နယ်ရှိ ယူနီဆက်ဖ်ဆိုင်ရာ ကွင်းဆင်း အရာရှိဖြစ်သူ ဖာရာမာမွတ်က နိုဝင်ဘာ ၂၀ ရက်တွင် မီဒီယာသို့ ပြောသည်။

ထိုကဲ့သို့ မြင့်တက်လာမှုကြောင့် ကုလသမဂ္ဂအေဂျင်စီသည် ရာသီဥတုပြောင်းလဲမှုနှင့် ထိခိုက်လွယ်သော ကလေးငယ်များ၏ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ၂၀၂၃-၂၀၂၇ ခုနှစ် လုပ်ငန်းစီမံချက်တစ်ခုကို ရေးဆွဲလိုက်ကြောင်း မာမွတ်က ဆက်ပြောသည်။

ယူနီဆက်ဖ်၏ တရားဝင် ထုတ်ပြန်ချက်တွင် ကမ္ဘာ့တစ်ဝန်း ရာသီဥတု အကျပ်အတည်း၏ သက်ရောက်မှုများကို အလွန်အမင်း အန္တရာယ်မြင့်မားမှုနှင့် ကလေးငယ် တစ်ဘီလီယံခန့် ရင်ဆိုင်နေကြရကြောင်း ဖော်ပြထားသည်။ နိုင်ဂျီးရီးယားကလေးငယ်များသည် ရာသီဥတု ပြောင်းလဲမှုဒဏ်အပြင် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုနှင့် ပြင်းထန်သော မုန်တိုင်းများနှင့်လည်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**

မလေးရှားနိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် အိမ်ထောင်စုပေါင်း ၂၂၉၄ စု ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ကွာလာလမ်ပူ နိုဝင်ဘာ ၂၁

မလေးရှားနိုင်ငံတွင် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းပြီးနောက် နိုဝင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် နိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်း ပြည်နယ် တစ်ခုဖြစ်သော တီရန်ကာနူ၌ ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အိမ်ထောင်စုပေါင်း ၂၂၉၄ စုဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။

အိမ်ထောင်စုဝင်များသည် ကယ်ဆယ်ရေးစခန်း ၁၉ ခုတွင် နေထိုင်နေကြကြောင်း နိုင်ငံ့လူမှုဝန်ထမ်းဌာနက ပြောကြားခဲ့သည်။ ထို့အပြင် မလေးရှားပန်နီဆူလာအနောက်ဘက် ကမ်းရိုးတန်းပြည်နယ် တစ်ခုဖြစ်သော ပီရက်ခ်တွင် ရေကြီးမှုဖြစ်ပွားခဲ့ရာ ၃၉ ဦး ရေဘေးသင့်ဒေသမှ ပြောင်းရွှေ့ခဲ့ရသည်။

အောက်တိုဘာလမှ မတ်လအထိကြာမြင့်သော အရှေ့မြောက် မုတ်သုံရာသီကြောင့် မိုးသည်းထန်စွာ ရွာသွန်းမည့်အကြောင်း မိုးလေဝသဌာနက သတိပေးချက်များ ထုတ်ပြန်ထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းပြည်နယ်များနှင့် နိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်းဒေသများတွင် ဖြစ်ပွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဟားမားစ်နှင့် အစ္စရေးတပ်ဖွဲ့တို့အကြား ယာယီအတိုက်အခိုက်ရပ်စဲရေး သဘောတူညီချက်ရရှိရန် နီးစပ်

ဂါဇာ နိုဝင်ဘာ ၂၁

ပါလက်စတိုင်းအစ္စလာမ္မစ်အုပ်စုသည် အစ္စရေးနှင့် အတိုက်အခိုက်ရပ်စဲခြင်း သဘောတူညီချက်ရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း ဟားမားစ်ခေါင်းဆောင် အစ္စမေးလ်ဟာနီရက်က ပြောကြားလိုက်သည်။

ကာတာနိုင်ငံသို့ အကြောင်းပြန်ကြားချက် ပေးပို့

နိုဝင်ဘာ ၂၁ ရက်က လူမှုမီဒီယာပလက်ဖောင်းတစ်ခုပေါ် တင်လိုက်သော ထုတ်ပြန်ချက်တွင် ဟားမားစ်တို့သည် ကာတာနိုင်ငံအပေါ် ၎င်းတို့၏ အကြောင်းပြန်ကြားချက်ကို ပေးပို့ခဲ့သည်။ ကာတာနိုင်ငံသည် ဖမ်းဆီးထားသောဓားစာခံများ ပြန်လွှတ်ရေးဆွေးနွေးပွဲကို ကြားဝင်စေ့စပ်ပေးနေသော နိုင်ငံဖြစ်သည်။

ဟားမားစ်တို့၏ နေရာပေါင်း ၂၅၀ ကို ပစ်မှတ်ထားတိုက်ခိုက်

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသတွင် ပြင်းထန်သော တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။ အစောပိုင်းရက်က အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့၏ နေရာပေါင်း ၂၅၀ ကို ပစ်မှတ်ထားပြီး လေကြောင်းစီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ဟားမားစ်တပ်ဖွဲ့ဝင် အများအပြား သေဆုံးခဲ့သည်။

ဟားမားစ်တို့သည် လူနေအိမ်ခြေများကို စစ်ရေးရည်ရွယ်ချက်များအတွက် အသုံးပြုလျက်ရှိကြောင်း အစ္စရေးစစ်ဘက်က အကြိမ်ကြိမ်ပြောကြားခဲ့သည်။ အစ္စရေးတပ်ဖွဲ့များသည် ဂါဇာမြောက်ပိုင်းရှိ ဂျာဘာလီယာဒုက္ခသည်စခန်းကို မြေပြင်ဝေဟင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ဟားမားစ်တို့ပုန်းအောင်းရာ နေရာဖြစ်သည့် မြေအောက်ဥမင်ခြေကုပ်နေရာ သုံးခုကိုလည်း စီးနင်းတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောခဲ့သည်။

ဝါရှင်တန်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဟားမားစ်တို့ဖမ်းဆီးထားသော ဓားစာခံများကို ပြန်လည်လွှတ်ပေးရေး နီးစပ်လာပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်က ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် ငါးရက်ကြာ အပစ်အခတ်ရပ်စဲရေးဖလှယ်မှုတွင် ဓားစာခံဆယ်နှင့်ချီ လွှတ်ပေးရန် နီးစပ်လာပြီဖြစ်ကြောင်း ဝါရှင်တန်ပို့စ်တွင် ဖော်ပြခဲ့သည်။

ဓားစာခံများ ပြန်လည်လွှတ်ပေးရေးမှာ ထိပ်တန်းဦးစားပေးကိစ္စရပ်ဖြစ်

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဓားစာခံများ ပြန်လည်လွှတ်ပေးရေးသည် ထိပ်တန်းဦးစားပေးကိစ္စရပ်ဖြစ်ကြောင်းနှင့် ယာယီအတိုက်အခိုက်ရပ်စဲရေး သဘောတူညီမှုကာလအတွင်းဓားစာခံများ ပြန်လည်မလွှတ်မြောက်သေးသရွေ့တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်က နိုင်ငံတကာ ကြက်ခြေနီတပ်ဖွဲ့အကြီးအကဲသည် ကာတာနိုင်ငံသို့သွားရောက်ခဲ့ပြီး ကာတာအရာရှိများနှင့်သာမက ဟားမားစ်ခေါင်းဆောင်တို့ကို သီးသန့်တွေ့ဆုံခဲ့သည်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့သည် ဓားစာခံများ ပြန်လည်လွှတ်ပေးရေး စေ့စပ်ညှိနှိုင်းမှုတွင် ပါဝင်သွားမည်မဟုတ်ကြောင်း၊ သို့သော်လည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကြားဝင်ညှိနှိုင်းမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

စီးပွားရေးကျပ်တည်းမှုများအကြားမှ ငလျင်ဒဏ်သင့်မှုကြောင့် အခက်အခဲဖြစ်ပေါ်နေသည့် နီပေါနိုင်ငံ

..... နှယ်နီလင်း .....

နီပေါနိုင်ငံသည် ဟိမဝန္တာတောင်တန်းဒေသတွင် တည်ရှိပြီး မြောက်ဘက်တွင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး တောင်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် အိန္ဒိယနိုင်ငံက ဝန်းရံထားသည်။

လူပေါင်း ၁၅၄ ဦးသေဆုံး

တောင်အာရှရှိ ကုန်းတွင်းပိုင်းနိုင်ငံဖြစ်သည့် နီပေါနိုင်ငံ အနောက်ပိုင်း ဂျဂျာကော့နှင့် ရူကွန်ခရိုင်တို့၌ နိုဝင်ဘာ ၃ ရက် ညပိုင်းက ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခြင်းကြောင့် လူပေါင်း ၁၅၄ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၃၆၆ ဦးရှိကာ အိမ်ပေါင်း ၆၂၀၁၂ လုံး ပျက်စီးခဲ့သည်ဟု နီပေါရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

နီပေါနိုင်ငံအနောက်ပိုင်း ဂျဂျာကော့ခရိုင်တွင် နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၄၇ မိနစ်ဝန်းကျင်က ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင် အနက်မှာ ၁၈ ကီလိုမီတာရှိသည်ဟု အမေရိကန်ဘူမိဗေဒ စစ်တမ်းများက ပြောသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီအထိပါလှုပ်

ယင်းငလျင်လှုပ်ပြီး မိနစ် ၅၀ ခန့်အကြာတွင် နောက်ထပ်ငလျင် ထပ်မံသုံးကြိမ်လှုပ်ခဲ့သည်။ ငလျင်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများအောက်တွင် အသက်ရှင်သူများကို ကယ်ဆယ်ခဲ့ရသည်။ အဆိုပါ ငလျင်ကြောင့် ငလျင်ဗဟိုချက်မှ မိုင် ၃၁၀ နီးပါးတွင်ရှိသည့် အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီအထိပါ လှုပ်ခတ်သွားခဲ့သည်။

ကယ်ဆယ်ရေးချက်ချင်းလုပ်ရန်

နီပေါနိုင်ငံဝန်ကြီးချုပ် ပွတ်ပါကာမယ်ဒါဟယ်က ငလျင်လှုပ်မှုကြောင့် လူသေဆုံးမှုများနှင့် အဆောက်အအုံပျက်စီးခြင်းတို့အတွက် ဝမ်းနည်းကြေကွဲကြောင်းနှင့် ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းလုပ်ဆောင်ရန် အမိန့်ပေးထားကြောင်း လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။

ငလျင်ကြောင့် တံတားများ ကျိုးခြင်းနှင့် လမ်းများ ပိတ်မိခြင်းတို့ကြောင့် ငလျင်ဒဏ်သင့် နေရာအချို့သို့ ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းသွားရောက်ရန် အခက်အခဲဖြစ်ပေါ်စေခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က နီပေါနိုင်ငံ၌ ငလျင်လှုပ်မှု ဖြစ်ပွားခြင်းအတွက် အလွန်ဝမ်းနည်းမိသည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရက်က နိုဝင်ဘာ ၆ ရက်က ပြောသည်။

ဂျဂျာကော့နှင့် ရူကွန်ခရိုင်တို့ ငလျင်လှုပ်မှု ဖြစ်ပွားပြီးနောက် နီပေါရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်လျက်ရှိသည်။

နီပေါနိုင်ငံ ဂျဂျာကော့ခရိုင်၌ ငလျင်ကြောင့် ပျက်စီးမှုများကို နိုဝင်ဘာ ၄ ရက်က တွေ့ရစဉ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကလည်း နီပေါနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စားနပ်ရိက္ခာများ ပေးပို့ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အဓိကကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လူပေါင်း ၁၀၀၀ အတွက် ဆေးဝါးများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့ခဲ့သည်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ကလည်း အရေးပေါ်အမိုးအကာ အစုံ ၃၀၀၀ ကို ပေးပို့ခဲ့

စားနပ်ရိက္ခာနှင့်ဆေးဝါးများကူညီရန်

နီပေါနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် ဆေးဝါးများအပါအဝင် အကူအညီများပေးရန် ကမ္ဘာ့အဖွဲ့အစည်းက အာဏာပိုင်များနှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများလည်း အမြန်ပြန်လည်ကောင်းမွန်စေလိုကြောင်း စတီဖင်ဒူဂျာရက်က ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကလည်း နီပေါနိုင်ငံရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် စားနပ်ရိက္ခာများ ပေးပို့ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အဓိကကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လူပေါင်း ၁၀၀၀ အတွက် ဆေးဝါးများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးပို့ခဲ့သည်။ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများ ရန်ပုံငွေအဖွဲ့ကလည်း အရေးပေါ် အမိုးအကာအစုံ ၃၀၀၀ ကို ပေးပို့ခဲ့သည်။

အိမ်ထောင်တစ်စုလျှင် ရူပီး ၅၀၀၀၀ ပေးရန်

နီပေါအစိုးရက ငလျင်ကြောင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် မိသားစုများအတွက် အိမ်ထောင်စုတစ်စုလျှင် ရူပီး ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၇၀ခန့်) ပေးရန် ဆုံးဖြတ်ခဲ့သည်။ ငလျင်ဒဏ်သင့် ပြည်သူများ နေအိမ်များ တည်ဆောက်မပြီးခင် အချိန်အထိ ငလျင်ရန်ပုံငွေအသုံးပြုပြီး ယာယီနားခိုရာနေရာများ တည်ဆောက်ပေးရန်လည်း ဝန်ကြီးအဖွဲ့အစည်းအဝေးက သဘောတူညီခဲ့သည်။

“နီပေါအစိုးရက ငလျင်ကြောင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် မိသားစုများအတွက် အိမ်ထောင်စုတစ်စုလျှင် ရူပီး ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၇၀ ခန့်) ပေးရန် ဆုံးဖြတ်ခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများ နေအိမ်များ တည်ဆောက်မပြီးခင် အချိန်အထိ ငလျင်ရန်ပုံငွေအသုံးပြုပြီး ယာယီနားခိုရာနေရာများ တည်ဆောက်ပေးရန်လည်း ဝန်ကြီးအဖွဲ့ အစည်းအဝေးက သဘောတူညီ”

ပြန်လည်တည်ဆောက်ရေး လုပ်ဆောင်မည်

ငလျင်ပြန်လည်တည်ဆောက်ရေး ရန်ပုံငွေရှိသော်လည်း ငလျင်ကြောင့် ပျက်စီးခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ မလုံလောက်သဖြင့် ပြည်တွင်းနှင့် ပြည်ပ အသိုင်းအဝိုင်းများကို လှူဒါန်းပေးရန် အစိုးရက တိုက်တွန်းထားသည်။ ငလျင်လှုပ်ခတ်ပြီး သုံးလခန့်အကြာတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်မည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ရီကာရှာမာက ပြောသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က ထောက်ပံ့

ငလျင်ဒဏ်သင့် ပြည်သူများအတွက် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကလည်း ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခဲ့သည်ဟု နီပေါအစိုးရက ပြောသည်။ နီပေါနိုင်ငံ၌ အဆိုပါငလျင်သည် ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် လှုပ်ခဲ့သည့်ငလျင်များအနက် လူသေဆုံးမှုအများဆုံးဖြစ်သည့် ငလျင်ဖြစ်သည်။

၂၀၁၅ ခုနှစ်ကလည်း ၉၀၀၀ နီးပါးသေဆုံး

နီပေါနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်ကလည်း ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ လူပေါင်း ၉၀၀၀ နီးပါးသေဆုံးပြီး အဆောက်အအုံငါးသိန်းကျော်ပျက်စီးခဲ့ရသည်။ ။ **ကိုးကား-ဆင်ဟွာ**

လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။

ဒဂုံဆိပ်ကမ်း

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ စကားရည်လုပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်ကကျင်းပရာ ကျောင်းအုပ်ကြီး ဦးထိန်လင်းက နိုင်ငံတော်ကအားထားရသည့် လူတော်၊ လူကောင်းများဖြစ်လာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်၊ လူရွယ်များ ဖြစ်လာစေရန် စာများများဖတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စကားရည်လုပြိုင်ပွဲ ဆက်လက်ကျင်းပရာ "ရိုးသားမှုရှိခြင်းသည် ပို၍ကောင်းသည်"၊ "ကြိုးစားမှုရှိခြင်းသည် ကောင်းသည်"၊ "လူတော်သည် တိုင်းပြည်အတွက် အကျိုးပြုသည်"၊ "လူကောင်းသည် တိုင်းပြည်အတွက် အကျိုးပြုသည်"၊ "ပညာက အရေးကြီးသည်"နှင့် "ဥစ္စာကအရေးကြီးသည်" ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်သည့် အဖွဲ့ခြောက်ဖွဲ့က ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက်ဆုရရှိသူများအား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။ **အေးမဥ္ဇူ**

မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များ စာဖတ်ကြပါစို့၊ လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း၊ လူငယ်နှင့် ကျန်းမာရေးအကြောင်း၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးအကြောင်းတို့ကို ဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်လူငယ်ရေးရာကော်မတီနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စာအုပ်စာပေချစ်မြတ်နိုးသည့် ဝါသနာတူကလပ်အသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

ပုသိမ်ကြီး

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ စာအုပ်ပြပွဲနှင့်ပြိုင်ပွဲများကို နိုဝင်ဘာ ၂၀ ရက်က အဆိုပါဌာနရှိ ပံသုကျီခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာအေးက ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျပန်းစကားပြော၊ ပုံပြောပြိုင်ပွဲနှင့် စာအုပ်ပြပွဲတို့ကို ကျင်းပသည်။ အဆိုပါ ပြပွဲပြိုင်ပွဲများသို့ ပုသိမ်ကြီးအထက Grade-6 မှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

မြို့နယ် (ပြန်/ဆက်)

ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၁ ရက်က အ.ထ.က(ခွဲ) ကဝဲကျောင်းစုကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကျင်းပစဉ်။

ဟိန်းထက်လင်း (ပြန်/ဆက်)

ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်းပြီး နိုဝင်ဘာ ၂၁ ရက်က ကမာမို (အ.ထ.က-ခွဲ) ကျောင်း ရွှေဟသ်ာ ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမင်းဗညားအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်(ပြန်/ဆက်)ဦးစီးအရာရှိ ဒေါ်မိသူဇာက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူးနှင့် လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး စသည့်ခေါင်းစဉ်များ ဆွေးနွေးကြပြီး အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၀၂	၂၁၇၈
95 Ron	၂၂၄၇	၂၃၁၅
HSD (500 ppm)	၂၀၁၈	၂၀၈၇
HSD (50 ppm)	၂၁၀၄	၂၁၇၆
HSD (10 ppm)	၂၁၀၈	၂၁၇၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အငြိမ်းစား သက်ကြီးရွယ်အိုဘိုးဘွားများနှင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၁၀၀၀ ကျော်အား စတုဒိသာလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော် ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လစာငွေလာရောက်ထုတ်ယူကြသည့် အငြိမ်းစားသက်ကြီးရွယ်အိုဘိုးဘွားများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၀၀၀ ကျော်တို့အား ဆုလာဘ်ပိုင်ကုမ္ပဏီမိသားစုက လစဉ်စတုဒိသာလှူဒါန်းလျက်ရှိရာ လှူဒါန်းမှုသည် (၁၇)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး ယနေ့တွင် မော်လမြိုင်မုန့်ဟင်းခါး စတုဒိသာနှင့် သောက်ရေသန့်များ ကုသိုလ်ပြုလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပင်စင်စားဘိုးဘွားများအတွက် ရင်တွင်းစာနာစိတ်၊ တတ်နိုင်သမျှ ဖေးမကူညီလိုသောဆန္ဒဖြင့် စတင်လှူဒါန်းခဲ့သည့် တစ်လတစ်ကြိမ် မေတ္တာပေးလှူ ဖေးမကူ စတုဒိသာအလှူကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

● *ကျော့ဖုံးမှ*

အင်္ဂလန်အသင်းသည် မြောက်မက်ဆီဒိုးနီးယားအသင်း ဘက်သို့ ခြေစွမ်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်း အဆုံးသတ်အားနည်းမှုကြောင့် နိုင်ပွဲနှင့် ဝေးကွာခဲ့ရပြီး သရေဖြင့် ကျေနပ်ခဲ့ခြင်းဖြစ်သည်။

ဦးဆောင်ဂိုးရရှိ

ပွဲချိန် ၄၁ မိနစ်တွင် မြောက်မက်ဆီဒိုးနီးယားအသင်း ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ပြီး အသင်းခေါင်းဆောင် ဘာဒီ၏ ကန်သွင်းအဆုံးသတ်မှုကို အင်္ဂလန်ဂိုးသမား ပစ်ဖို့ဒ် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သော်လည်း ၎င်းက ပြန်လည်ပိတ်သွင်းယူနိုင်ခဲ့သဖြင့် ဦးဆောင်ဂိုးရရှိခဲ့သည်။

ထို့နောက် ပွဲချိန် ၄၇ မိနစ်တွင် အင်္ဂလန်အသင်းမှ ဂရီးလစ်ချ် ချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် က ပယ်ဖျက်ခဲ့သည်။ ပွဲချိန် ၅၉ မိနစ်တွင် မြောက်မက်ဆီဒိုးနီးယား အသင်းမှ အက်တာနာဆော့ဗ်ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ အင်္ဂလန်အသင်း ချေပဂိုးရရှိခဲ့သည်။

နောက်တစ်ဆင့်သို့တက်လှမ်း

အင်္ဂလန်အသင်းသည် ယခုပွဲစဉ်တွင် သရေကျခဲ့သော်လည်း ရှစ်ပွဲကစားပြီး ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်ဖြင့် နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် မြောက်မက်ဆီဒိုးနီးယား အသင်းက ယခုပွဲသရေကျခဲ့သော်လည်း နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ရလဒ်ဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခြင်း မရှိခဲ့ပေ။

ဂိုးမရှိ သရေကျ

အခြားသော ပွဲစဉ်ရလဒ်များတွင် ချက်က မော်လ်ဒိုဗာကို သုံးဂိုး-ဂိုးမရှိ၊ မြောက်အိုင်ယာလန်က ဒိန်းမတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆလိုဗေးနီးယားက ကာဇက်စတန်ကို နှစ်ဂိုး - တစ်ဂိုး၊ ဖင်လန်က ဆန်မာရီနိုကို နှစ်ဂိုး - တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။ ယူကရိန်းနှင့် အီတလီအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့ပြီး အယ်ဘေးနီးယားနှင့် ဖာရိုးကျွန်းစုအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည်။ **အောင်ဇော်**

ပူပင်သောကစုဝေးရာ အမှိုက်ပုံးများ မဖြစ်သင့်ပါ

မိုးမြင့်

ကိုဗစ်ဗိုင်းရပ်စ်ပြီးတော့ သတင်းဗိုင်းရပ်စ်က လာပြန်သည်။ ကမ္ဘာ့ရော မြန်မာမှာပါ အတူတူပင်။ ကူးစက်နှုန်းက မခြားနား၊ မြန်လှသည်၊ ကိုဗစ်ဗိုင်းရပ်စ်က တစ်ကမ္ဘာလုံးကို တစ်မုဟုတ်ချင်း ကူးစက်သွားသလို သတင်းတု၊ သတင်းမှားကလည်း စက္ကန့်ပိုင်း ၊ မိနစ်ပိုင်းအတွင်း ပျံ့နှံ့သွားသည်သာ။ ကိုဗစ်ပိုးက လူတွေကို ဆေးမမီ၊ ချက်ချင်း သေသည်အထိ ဒုက္ခပေးခဲ့သလို သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းဆိုသည်ကလည်း လူ့အဖွဲ့အစည်းကြီး ဖရိုဖရဲပြိုကွဲ ၊ သေကျေပျက်စီးသည်အထိ ဒုက္ခပေးသည်မှာ အတူတူပင်ဖြစ်သည်။ ကိုဗစ်တုန်းကလည်း လူတွေချောက်ချား၊ စိတ်ဆင်းရဲသောက ရောက်ကြရ၊ ယခုလို ဝါဒဖြန့်သတင်းတွေကြတော့လည်း လူတွေပူပင်သောက မလုံခြုံဖြစ်ကြရပြန်သည်။

ကမ္ဘာမှာ ကပ်ကြီးသဖွယ်ဖြစ်ခဲ့သည့် ရောဂါဆိုးကြီးကို လူတွေထိန်းချုပ်နိုင်ပြီးသကာလ ယခုလို သတင်းမီဒီယာကပ်ကြီးမှာတော့ လူတွေ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်ကြ၊ မစဉ်းစား၊ မချင့်ချိန်နိုင်ကြသေးပါ။ သတင်းအဆိပ်မိပြီး ဆင်ခြင်တုံတရားမရှိ အမုန်းတရားပွားနေကြဆဲဖြစ်သည်။ အဓိကအချက်က မိမိကိုယ်မိမိ ကြိုတင်သတိထား ကာကွယ်ရန်သာဖြစ်သည်။ ရောဂါမဖြစ်အောင်နှင့် ဖြစ်လည်း သက်သာအောင် ကိုယ်ခံအားကောင်းစေသည့် ဗိုင်းရပ်စ်ကာကွယ်ဆေးများက အရေးပါခဲ့သလို တစ်ဦးနှင့်တစ်ဦး လူတွေခပ်လှမ်းလှမ်းနေကြ၊ နှာခေါင်း၊ ပါးစပ်အုပ်ကြ၊ လက်ဆေးကြနှင့် အတော်ထိထိ ရောက်ရောက်ရှိခဲ့ကြ၍သာ ကိုဗစ်ပိုးက အရှုံးပေးခဲ့ရခြင်းဖြစ်သည်ကို သိရှိသင်ခန်းစာယူနိုင်ရပါမည်။

စိတ်ခွန်အားကိုယ်ခံအားမြှင့်တင်ထားရန်

ယခုလိုကာလ ကမ္ဘာမှာရော မြန်မာမှာပါ ဒုက္ခပေးလွန်းလှသည့် သတင်းမှား (misinformation)၊ သတင်းတု (fake)၊ လုပ်ကြံသတင်း (disinformation)၊ စိတ်ဓာတ်ကျစေမည့် ဝါဒဖြန့်စစ်ဆင်ရေး (psychological warfare) ဗိုင်းရပ်စ်ပိုးတွေကို လူတွေအထူးသတိရှိ ရှောင်ကြဉ်နိုင်ဖို့ လိုအပ်နေပါသည်။ အခြေအမြစ်မရှိ ဒုက္ခပေးနိုင်သည့် သတင်းစုံဗိုင်းရပ်စ်တွေကြောင့် ပြည်သူတွေ သောကရောက်ရ၊ စိတ်ဆင်းရဲရ များစွာဖြစ်ရသည်။

ကိုဗစ်ကို ကာကွယ်အောင်နိုင်ခဲ့သည့် အခြေခံနည်းလမ်းများအတိုင်း ရိုးရိုးရှင်းရှင်း တွေးတတ်၊ စဉ်းစားတတ်၊ နေတတ်ထိုင်တတ်၊ ပြောတတ်ဆိုတတ်လျှင် အဆင်ပြေပါပြီ။ ကိုယ်ခံအားမြှင့်ဖို့ ကာကွယ်ဆေးများ ထိုးနှံခဲ့ကြသလို သတင်းတစ်ခု အမှားအမှန်၊ အစစ်အတု ခွဲခြားနိုင်ဖို့၊ ပုံဖျက်သတင်းတစ်ခုကို အစဖော်နိုင်ဖို့၊ လုပ်ကြံဝါဒဖြန့်သတင်းကို လုပ်ကြံဝါဒဖြန့်နေမှန်းသိဖို့က ကိုယ့်ဆီမှာ သုတအစာ၊ ကျွမ်းကျင်မှုအာဟာရနှင့် မှန်ကန်သော ခံယူချက်တွေကို ကြိုတင်ဖြည့်ဆည်းထားဖို့လိုအပ်ပါမည်။

> ❖ **ကိုဗစ်ကို ကာကွယ်အောင်နိုင်ခဲ့သည့် အခြေခံနည်းလမ်းများအတိုင်း ရိုးရိုးရှင်းရှင်း တွေးတတ်၊ စဉ်းစားတတ်၊ နေတတ်ထိုင်တတ်၊ ပြောတတ်ဆိုတတ်လျှင် အဆင်ပြေပါပြီ။ ကိုယ်ခံအားမြှင့်ဖို့ ကာကွယ်ဆေးများ ထိုးနှံခဲ့ကြသလို သတင်းတစ်ခု အမှားအမှန်၊ အစစ်အတု ခွဲခြားနိုင်ဖို့၊ ပုံဖျက်သတင်းတစ်ခုကို အစဖော်နိုင်ဖို့၊ လုပ်ကြံဝါဒဖြန့်သတင်းကို လုပ်ကြံဝါဒဖြန့်နေမှန်းသိဖို့က ကိုယ့်ဆီမှာ သုတအစာ၊ ကျွမ်းကျင်မှုအာဟာရနှင့် မှန်ကန်သော ခံယူချက်တွေကို ကြိုတင်ဖြည့်ဆည်းထားဖို့လိုအပ်ပါမည်**

လူနုံ၊ လူအ၊ အစွမ်းအစမရှိ၊ လူတုံးလူနတွေ ဖြစ်မသွားဖို့က မိမိစေတနာသည် အဓိကဖြစ်ပါသည်။ ဟိုဟာကိုမယုံရ၊ ဒီဟာကိုတော့ယုံပါဟု ပြောနေခြင်း မဟုတ်ပါ။ မှန်မမှန် စစ်မစစ် ခွဲခြားပိုင်းဖြတ်ဆက်စပ်စဉ်းစားပြီး စိစစ်သုံးသပ်နိုင်ရေး critical thinking နှင့် analytical skill ရှိရန်ကို ဆိုလိုပါသည်။

စဉ်းစားပုံစဉ်းစားနည်း တွေးပုံတွေးနည်းကအရေးကြီး

သတင်းမှန်သမျှ အချက်အလက်မှန်သမျှ ရအောင်ယူ၊ လက်ခံသင့်မသင့်၊ ကိုးကားသင့်မသင့်က ကိုယ့်ကိစ္စဖြစ်သည်။ ကိုယ်မခံရရေး၊ ကိုယ်မမှားရေးအတွက် လေးလေးနက်နက်ထား၍ စိစစ်ပိုင်းခြားနေရန်ကို ဆိုလိုပါသည်။ အမြဲတမ်း လေ့ကျင့်သင်ယူနေရန်ပင်ဖြစ်သည်။ ယူတတ်လျှင် ယခုကမ္ဘာ့အရေး၊ မြန်မာ့အရေးများသည် ယနေ့လူငယ်များအနေဖြင့် စဉ်းစားပုံစဉ်းစားနည်း၊ တွေးတတ်ခေါ်တတ်အောင် လေ့ကျင့်သင်ယူရာ ကစားကွင်းများအဖြစ် အခွင့်အလမ်းသဖွယ် အသုံးချသင့်သည်။

များများစဉ်းစားပြီး အသိဉာဏ်တိုးအောင် အားထုတ်သင့်ကြသည်။ အတိတ်သမိုင်းကိုလည်း ကျေညက်နေသင့်ပါသည်။ သတင်းတစ်ခုဝင်လာလျှင် ဘယ်သတင်းဌာနကလဲ၊ ဘယ်သူကပြောတာလဲ၊ ဘာဖြစ်တာလဲ၊ ဘယ်နေရာမှာ ဘယ်အချိန်မှာ ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်သူ့ကို ဘာရည်ရွယ်ချက်နဲ့လုပ်သလဲ စသည်ဖြင့် "ဘ" တွေ စုံအောင် စဉ်းစားနိုင်စွမ်းရှိရပါမည်။

ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ကိုယ်ကိုယ် ထပ်ခါထပ်ခါ စဉ်းစားပေးသင့်သည်။ သတင်းကို channel ပေါင်းစုံကနေ လိုက်သင့်သည်။ Facebook, tiktok, telegram လူမှုကွန်ရက်များအပါအဝင် BBC, VOA, RFA, သတင်းဌာန အစုံအစုံ၊ MRTV, MWD သတင်းဌာနများပါ အချိန်ပေး၍ အကုန်ဖတ်၊ အကုန်နားထောင်ကြည့်ပါ။ အမှန်နှင့်အမှား ဖြစ်နိုင်၊ မဖြစ်နိုင်ခွဲခြားသိလာပါလိမ့်မည်။ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိပြီး တာဝန်ယူ တာဝန်ခံမှု အပြည့်ရှိသော၊ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နေသော မီဒီယာသမားများ စံနှုန်းပြည့် သတင်းဌာနများလည်း ရှိပါသည်။

အစိုးရက တရားဝင်သတင်းများကိုတော့ မယုံ၊ ဝါဒဖြန့်သည်ဟု ထင်မှတ်မှားပြီး ကျန်အဓိက အဖျက်အားပေးသတင်းဌာန၊ လူမှုကွန်ရက်များက ထုတ်လွှင့်ရေးသားသော အကြမ်းစားဝါဒဖြန့်ချက်များကိုတော့ ဝါဒဖြန့်သတင်းဟု မမှတ်ယူ ၊ အယုံလွယ်၊ ယုံကြည်ကြသူများရှိနေသည်မှာ အံ့သြစရာဖြစ်သည်။ ပုံဖော်ခံနေရလား၊ ပုံသွင်းခံနေရလား၊ နိုင်ငံရေး အကျိုးအမြတ်ကြောင့်လား၊ စီးပွားရေး အကျိုးအမြတ်ကြောင့်လား၊ မစဉ်းစား၊ ထို့ကြောင့် အကုန်မှားကြတော့သည်။ အဖြစ်မှန်ကို မြေပြင်သတင်းရအောင် စုံစမ်းတိုက်ဆိုင်စစ်ဆေးကြည့်တာတောင်မှ အဆိုးမြင်သမား၊ အဖျက်အားပေး၊ ကိုယ်ခံအားမပြည့်၊ အသိဉာဏ်နည်းသူနှင့် တွေ့ရလျှင် ပို၍ဆိုး မှားသထက်မှားကြပြန်သည်။

ကဏ္ဍစုံမှာ အကုန်ပါ မဟုတ်တာအကုန်လွှင့်

အဓိကအချက်က မိမိတို့အလိမ်မခံရရေးအတွက် တင်ပြနေခြင်းသာဖြစ်သည်။ အလိမ်ခံရ၍ မိမိနှင့် မိမိ မိသားစုရော၊ မိမိပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းပါ ဘယ်လောက်ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရပါသလဲ၊ ပြန်လည်နောက်ကြောင်းပြန်ကြည့်ပါ။ မိမိတို့ နားတွေ၊ မျက်စိတွေက ဝင်လာသမျှ အာရုံပေါင်းစုံကို လက်ခံခဲ့ကြသည်။ ဟုတ်တာရော၊ မဟုတ်တာရောပါမည်။ လက်ခံမိသမျှ၊ ယုံကြည်မိသမျှ သတင်းတွေကို မိမိပါးစပ်ဖြင့် ပြန်လည်ဖြန့်ဝေမိကြခဲ့မည်။ သတိထားမိလျှင် သိသာပါသည်။

မြန်မာနိုင်ငံမှာ အရေးပေါ်၊ အရေးကြီး အခြေအနေတွေကြုံရတိုင်း ပြည်သူလူထုနှင့် ပတ်သက်သော သတင်းမှား၊ သတင်းတုတွေ ပုံမှန်ထွက်လာတတ်သည်။ စက်သုံးဆီကိစ္စ၊ ဘဏ်ကိစ္စ၊ ငွေကိစ္စ၊ ဒေါ်လာကိစ္စ၊ ကုန်ဈေးနှုန်းသတင်းတွေ ဖောင်းပွလာတတ်သည်။ အဆိုးမြင် သွေးထိုးလှုံ့ဆော်အားပေးသည့် မီဒီယာများနောက် ကောက်ကောက်ပါ၊ မမှန်သတင်းတွေ နောက်ကိုလိုက်ပြီး စိစစ်နိုင်ခြင်းမရှိ၊ အကြောက်လွန်၊ အစိုးရိမ်လွန် panic ဖြစ်၍ အလုအယက်တန်းစီကြ တိုးဝှေ့ကုန်ကြတော့သည်။

ကောလာဟလကြောင့် ကိုယ့်ထက်စိုးရိမ်တတ်သူ၊ လောဘကြီးသူတွေ ရှိသမျှ ထုတ်ယူကြပြီးမှတော့ မိမိအလှည့်အရောက်မှာ ထုတ်စရာမရှိတော့သည့် ပို၍ပူပန်ရသည့် အခြေအနေရောက်ရသည်မှာ ဘာမှ အထူးအဆန်းမဟုတ်ပါ။ ၂၀၂၁ နိုင်ငံတော် အာဏာထိန်းခါစ သတင်းအမှားများစွာကြုံခဲ့ရ၊ ခံခဲ့ရပြီး လူငယ်တွေ၊ ဝန်ထမ်းတွေ လမ်းမှားရောက်ခဲ့ရသည့် အဖြစ်ကို သင်ခန်းစာယူအမှတ်ရစေလိုသည်။

ယခုလည်း နိုင်ငံအရှေ့မြောက်၊ အနောက် တံခါးဝ၊ ကရင်၊ ကယားနေရာအချို့မှာ လုံခြုံရေးကိစ္စများဖြစ်သည်နှင့်တစ်ပြိုင်နက် စက်သုံးဆီ၊ ဘဏ်ငွေကြေးသတင်းများ တက်လာပြန်သည်။ ဘဏ်တွေမှာ အကြမ်းဖက်တွေဖောက်ခွဲတိုက်ခိုက်၊ ဖျက်ဆီးလုယက်မှုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း အခွင့်ကောင်းယူ လှုံ့ဆော်လိုက်ခြင်းဖြစ်သည်။ ဘဏ်မှာ ငွေထုတ်မရတော့မှာ၊ စက်သုံးဆီဆိုင်တွေမှာ ဆီထုတ်မရတော့မှာ အစိုးရိမ်လွန်ပြီး သောကအပူများဖြင့် တွေဝေသွားခြင်းဖြစ်တန်ရာသည်။

အကြမ်းဖက်နှင့် အိမ်ခြံမြေ၊ ငွေဈေးကစားသူ၊ ကုန်ဈေးနှုန်းကစားမည့် ဝိသမလောဘသမားများ၏ အကွက်ထဲဝင်သွားခြင်းပင်ဖြစ်သည်။ အာမခံမှု အပြည့်အဝရှိသော နိုင်ငံတော်ဘဏ်များအနေဖြင့် ပြည်သူအပ်နှံငွေများ ထုတ်ယူရန် အကန့်အသတ်မထားပါ၍ အဆင်မပြေဖြစ်စရာ အကြောင်းမရှိပါ။ ဘဏ်အကြောင်း သိအောင်လုပ်၊ မိမိအပ်နှံငွေက မည်သည့်အမျိုးအစားလည်း သိအောင်လုပ်ထားရန်သာဖြစ်သည်။ စီးပွားရေးကဏ္ဍတင်မက ပညာရေးကဏ္ဍကိုပါ တစ်ခုပြီးတစ်ခု မဟုတ်မမှန်ထုတ်လွှင့်သည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များပိတ်မည်ဟု သတင်းလွှင့်ပြန်သည်။ အမှန်က မည်သည့်တက္ကသိုလ်ကောလိပ်မှ မပိတ်၊ ကျောင်းတွေမှာ တီးတိုးဝါဒဖြန့်သည်။ နိုင်ငံ၏ အနာဂတ် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။

ထိုနည်းတူ လုံခြုံရေးကိစ္စရပ်မှာလည်း မချန်၊ ဖြတ်၊ ညှပ်၊ ကပ်ဆိုက်ဝါးဖြင့် မဟုတ်မမှန် အကုန်လွှင့်သည်၊ ယခုပဲချက်ချင်း မိမိတို့နေထိုင်ရာ တာဝန်ကျရာ မြို့ရွာဒေသတွေကနေ စွန့်ခွာထွက်ပြေးရမလို၊ ဖုံးခိုကျင်းပဲ ပြေးတူးရတော့မလို၊ နိုင်ငံ့ဝန်ထမ်းတွေဆိုလျှင် အဝေးနေမိဘတွေခမျာ မလိုအပ်ဘဲစိုးရိမ်သောက ရောက်ကြရသည်။ တိုက်ပွဲတွေမှာ ရန်သူဘက်က အကျအဆုံးများလာပြီဆိုလျှင် နိုင်လျှင်ငါတို့၊ ရှုံးလျှင်ပြည်သူတွေ ဖြစ်ကုန်သည်၊ သူတို့အကျအဆုံးပုံရိပ်ကို တပ်မတော်က အဆိပ်ငွေ့ဖြင့် တိုက်ခိုက်သည်ဆိုသည့်ဝါဒဖြန့်ချက်ဖြင့် ပုံဖျက်သည်။ ဟိုစခန်းကျ၊ ဒီစခန်းကျ မဟုတ်တာရော ဟုတ်တာပါ ရောထွေးစိတ်ဓာတ်ကျပြီး ဝေဝေဝါးဝါးဖြစ်အောင် လုပ်တတ်ကြသည်။

သွန်လိုသွန် မှောက်လိုမှောက် အသုံးချခံများမဖြစ်သင့်

နိုင်ငံတော်ကလည်း သတင်းမှန်များကို ရေးသားပေး၊ ထုတ်လွှင့်ပေးနေတာပါပဲ။ မှန် မမှန် ကိုယ်တိုင်စိစစ်တတ်ဖို့၊ လက်ခံတတ်ဖို့သာလိုပါသည်။ မဟုတ်လျှင် ကာယကံရှင်ခမျာ ဒုက္ခများ၊ သောကများ၊ ပူရပန်ရ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရရှာသည်။ ကိုဗစ်တုန်းက နှာခေါင်းပါးစပ်စည်း၊ လက်ကိုရောဂါပိုးသေအောင် စနစ်တကျဆပ်ပြာဖြင့် ဆေးပြီး ရောဂါပိုးမဝင်အောင် ကာကွယ်ခဲ့ကြသလို မိမိ မျက်စိ၊ နား၊ ပါးစပ်ကိုလည်း မဟုတ်တာ၊ မမှန်တာတွေ ဝင်မလာအောင် လုံအောင်ထားပြီး စိတ်ကိုလည်း ရှင်းနေအောင် ခံယူချက်မှန်မှန်ထား၍ သတင်းတု၊ သတင်းမှားများ လက်မခံမိအောင် စိစစ်သုံးသပ်သင့်ပါသည်။

ဟုတ်မှန်ပြီး မိမိအတွက်၊ အများအတွက် အကျိုးရှိ၊ အသုံးတည့်မည့် သတင်းစကားများကိုသာ စိစစ်လက်ခံသင့်ပါသည်။ အကျိုးမရှိသည့် သတင်းများ မခိုင်မာသည့် အချက်အလက်များအတွက် မိမိကိုယ်မိမိ အမှိုက်ပုံးမဖြစ်သင့် အချိန်ကုန်မခံသင့်ပါ၊ *စာမျက်နှာ ၁၇ သို့*

> ❑ **ထိုနည်းတူ လုံခြုံရေးကိစ္စရပ်မှာလည်း မချန်၊ ဖြတ်၊ ညှပ်၊ ကပ်ဆိုက်ဝါးဖြင့် မဟုတ်မမှန် အကုန်လွှင့်သည်၊ ယခုပဲချက်ချင်း မိမိတို့နေထိုင်ရာ တာဝန်ကျရာ မြို့ရွာဒေသတွေကနေ စွန့်ခွာထွက်ပြေးရမလို၊ ဖုံးခိုကျင်းပဲ ပြေးတူးရတော့မလို၊ နိုင်ငံ့ဝန်ထမ်းတွေဆိုလျှင် အဝေးနေမိဘတွေခမျာ မလိုအပ်ဘဲ စိုးရိမ်သောက ရောက်ကြရသည်။ တိုက်ပွဲတွေမှာ ရန်သူဘက်က အကျအဆုံးများလာပြီဆိုလျှင် နိုင်လျှင်ငါတို့၊ ရှုံးလျှင်ပြည်သူတွေဖြစ်ကုန်သည်၊ သူတို့အကျအဆုံးပုံရိပ်ကို တပ်မတော်က အဆိပ်ငွေ့ဖြင့် တိုက်ခိုက်သည်ဆိုသည့် ဝါဒဖြန့်ချက်ဖြင့် ပုံဖျက်သည်။ ဟိုစခန်းကျ၊ ဒီစခန်းကျ မဟုတ်တာရော ဟုတ်တာပါ ရောထွေး စိတ်ဓာတ်ကျပြီး ဝေဝေဝါးဝါးဖြစ်အောင် လုပ်တတ်ကြသည်**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများမှ လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲတက်ရောက်

ပြည် နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု နည်းပညာ သင်တန်းများမှ လုပ်ငန်းထူထောင်သူများအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ပြည်မြို့ သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ထူထောင်မည့် သင်တန်းသူ ၁၀ ဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကိုဆက်(ပြန်/ဆက်)

ထန်းတပင် - အလယ်လမ်း မြေသားတာပေါင် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ စစ်ဆေး

ကံမ နိုဝင်ဘာ ၂၁

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ကွပ်ကဲမှုအောက်တွင် တင်ဒါအောင်ကုမ္ပဏီက ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၅ ဒသမ ၂၅၅ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ထန်းတပင်-အလယ်လမ်း (၁/၂)မိုင် မြေသားတာပေါင်ချဲ့၍ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို လမ်းနယ်

အကျယ်ရရှိရေးနှင့် လုပ်ငန်းများအရည်အသွေးပြည့်မီပြီး အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး၊ မဟာဝိသကြုံကုမ္ပဏီက တာဝန်ခံများ လမ်းဘေးဝဲယာရှိ တောင်သူများဖြင့် ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ လမ်းကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အမြန်ဆုံး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နှင့် မြို့ပြကွာဟမှုလျှော့ချနိုင်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် ရေးဆွဲထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ နှစ်စဉ်အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဇော်ဘီ

ပင်လောင်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုး

ပင်လောင်း နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ အမျိုးသမီးငယ်လေးများ သားအိမ်ခေါင်းကင်ဆာရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော ကျောင်းသူများနှင့် ရပ်ကွက်နေ မိန်းကလေးငယ်များအား ပြည်သူလူထုအခြေပြု သားအိမ်ခေါင်း ကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက အ.ထ.က(၂)ကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေး ဌာနမှ ဝန်ထမ်းများက အသက်ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော ကျောင်းသူများနှင့် ရပ်ကွက်နေ မိန်းကလေးငယ်များကို ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

မြို့နယ်(ပြန်/ဆက်)

မြဝတီမြို့၌ ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

မြဝတီ နိုဝင်ဘာ ၂၁

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၂၀ ရက်က (၃၄)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ဗုဒ္ဓဘာသာသာဘုံကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းက ကုလသမဂ္ဂသဘောတူစာချုပ်ပါ ကလေးသူငယ်အခွင့်အရေးလေးရပ်နှင့် ကလေးများသည် နိုင်ငံ၏အနာဂတ်ဖြစ်သည့်အတွက် ကလေးသူငယ်အခွင့်အရေးများ မဆုံးရှုံးစေရန် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးကို အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်က ကမ္ဘာ့ကလေးများနေ့ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းလက်အောက်ရှိ မူကြိုကျောင်းများမှ သားငယ်၊ သမီးငယ်များက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးပြီး ကာယပြိုင်ပွဲများကျင်းပခဲ့ရာ ဆုရရှိသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ အဖွဲ့ဝင်(၂) ဦးအောင်မင်းစိုး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဇာဖြူဝင်း (ပြန်/ဆက်)

နေပြည်တော်အဆင့် ကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက် ဆုချီးမြှင့်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က အမှတ်(၆) အ.ထ.က တွင် ကျင်းပသည်။

အခမ်းအနားတွင် စားပွဲတင်တင်းနစ်၊ ကြက်တောင်ရိုက်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ဘောလုံး အစရှိသည့် အားကစားပြိုင်ပွဲများတွင် မြို့နယ်အလိုက် ပထမဆု၊ ဒုတိယဆု ရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယညွှန်ကြားရေးမှူးများက ဆုများချီးမြှင့်ခဲ့ကြပြီး နေပြည်တော်အဆင့် ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ် ဘောလုံးအသင်းအား နေပြည်တော်ပညာရေးမှူး ဒေါက်တာကျော်လွင်က ဒိုင်းဆု ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မင်းမင်းလတ် (မန်းတက္ကသိုလ်)

စာမျက်နှာ ၁၆ မှ

သွန်လိုသွန်၊ မှောက်လိုမှောက်၊ လိုသလိုအသုံးချခံဘဝများ မရောက်သင့်ပါ။ မီဒီယာကို ကောင်းကောင်းချုပ်ကိုင်ထားနိုင်သူတွေကြားထဲကမှ ယုံကြည်ရသော အချိန်ယူ စိစစ်ထုတ်လွှင့်တတ်သည့် သတင်းဌာနများကိုသာ စောင့်၍ နားထောင်သင့် ဖတ်ရှုသင့်သည်ဟု တိုက်တွန်းလိုပါသည်။

ယနေ့အချိန်အခါတွင် လူတွေနားဝေတိမ်တောင်ဖြစ်အောင် ကောလာဟလများကို တစ်ခုမဟုတ်တစ်ခု အချိန်ကိုက်ထုတ်လွှင့်နေကြဆဲဖြစ်သည်ကို သတိပြုကြရန်သာ လိုပါသည်။ သူတို့အနေဖြင့် စိတ်ခံစားလွယ်သူ၊ အကဲဆတ်သူတွေ၊ အာဃာတကြီးသူတွေကို စရိုက်ကိုဝိုက်၍ ကောက်ကျစ်စွာအသုံးချနေကြဦးမှာပဲဖြစ်သည်။ အသွင်ယူ အယုံသွင်းမည်၊ မြှောက်မည်၊ သွေးထိုးမည်၊ သွေးခွဲမည် စသည်ဖြင့်...။

ထို့ကြောင့် ပြည်သူများအနေဖြင့် ဆင်ခြင်တုံတရား ရှေ့ကာထား၍ အရာရာကို အယုံမလွယ်ရန်၊ ချင့်ချိန်စဉ်းစားရန် တင်ပြလိုပါသည်။ ဒီလိုလူတွေ ရှိနေသမျှ နောင်လည်းလာနေဦးမည်သာဖြစ်သည်။ အများကြီး အတွေ့အကြုံ ရှိခဲ့ကြပြီဖြစ်သလို သင်ခန်းစာတွေလည်း ရသင့်သလောက်ရခဲ့ကြပါပြီ၊ ပေးဆပ်မှုတွေလည်း ရှိခဲ့ကြပါပြီ။ ယခုလို ကာလသည် တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်ရော နိုင်ငံ့ဝန်ထမ်းများပါ နိုင်ငံကို တည်ငြိမ်အေးချမ်းအောင်၊ ပြည်သူများ၏ စားဝတ်နေရေးလုံခြုံမှုရအောင် အချို့နေရာတွေမှာ အသက်ပေး၍ အပြင်းအထန် အပင်ပန်းခံကြိုးစားနေရသည်မှာ မှန်ပါသည်။ မိမိကိုယ်တိုင်ကသာ အပူတွေကို လက်မခံမိဖို့လိုသလို ပါးစပ်ငှားအဖြစ်ခံ၍ မီးမွှေးသူမဖြစ်မိအောင်သာ သတိထား ရှောင်ကြဉ်အပ်ပါသည်။

ပြည်သူလူထုကို အခက်အခဲဖြစ်အောင်၊ နိုင်ငံ၊ လူမှုစီးပွားဘဝများပျက်ပြားအောင် အချိန်ကိုက် ကောလာဟလ လွှင့်ထုတ်မှုများကို ယနေ့အချိန်မှာ အထူးသတိထားကြရန်ပင်ဖြစ်ပါသည်။ အဖျက်သမားဆိုသည်မှာ ခိုင်းတာလုပ်၊ ကျွေးတာစားအဆင့်၊ ဘာမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်မှလည်းမရှိ။ ဘာကျင့်ဝတ်မှလည်း မလိုက်နာ၊ ဖျက်ဆီးရေး ပျက်စီးရေးသက်သက်သာ ရေးရှုသည်။ မီဒီယာကျင့်ဝတ်၊ လူ့ကျင့်ဝတ်ဆိုတာမရှိ။ အလုံးစုံပျက်သုဉ်းရေး သတင်းမှားများဖြင့် မှိုင်းတိုက်ရန်သာဖြစ်သည်။

အရေးအကြီးဆုံးက နိုင်ငံသားများအနေဖြင့် သမိုင်းအမှန်ကို သိအောင်လုပ်၊ ဗဟုသုတ ပြည့်မီအောင်ကြိုးစားပြီး နိုင်ငံချစ်စိတ် နိုင်ငံသားကောင်းပီသသော ခံယူချက်ကောင်းများဖြင့် ရောထွေးရှုပ်ယှက်နေသော အချက်အလက်များ၊ သတင်းများအပေါ် စိစစ်ပိုင်းခြားသုံးသပ်နိုင်စွမ်းကို လေ့ကျင့်ပျိုးထောင်ပြီး မိမိတို့၏ကိုယ်ခံစွမ်းအားကို မိမိတို့ကိုယ်တိုင်မြှင့်တင်ကြရန်ပင်ဖြစ်ပါသည်။

သတင်းမှန်သမျှ ရာနှုန်းပြည့် တာဝန်ယူနိုင်သူသည် မိမိကိုယ်တိုင်သာဖြစ်သည်ဆိုသည့် အရည်အသွေးမျိုးရှိရန်အထိ စဉ်းစားတတ်သူတွေဖြစ်လျှင်ပို၍မကောင်းပေဘူးလား...။ လူ့အဖွဲ့အစည်းတစ်ခုကိုယ့်ကြောင့်လည်း မပျက်စီးစေသင့်သလို သူ့ကြောင့်လည်း ယိမ်းယိုင်မသွားအောင် ဂရုပြုသင့်ပါသည်။ သို့မှသာ တရားဥပဒေစိုးမိုးမှုအပြည့်ဖြင့် ထာဝရအေးချမ်းတည်ငြိမ်မှုကို ရရှိလာနိုင်ပါလိမ့်မည်။ ။

ကလေးသူငယ်တွေ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍပေါင်းစုံမှာ တိုးတက်ဖွံ့ဖြိုးလာစေဖို့အတွက် အသိပညာ၊ ဗဟုသုတတွေကို လက်တွေ့ကျကျ တကယ့်ဖြစ်ရပ်မှန်တွေကို ရေးသားထားတာဖြစ်ပါတယ်

ဝတ်ရည်ခင် (ပဲခူး)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

ဘာသာရပ် – အင်္ဂလိပ်ဘာသာ(သုတ)

စာရေးသူ – Win Thein

စာအုပ်အမည်– My Anthology of Nation– Building Endeavours

“လွန်ခဲ့တဲ့နှစ် ၂၀ ခန့်က ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးမဂ္ဂဇင်းမှာ စာတည်းမှူးချုပ်တာဝန် ခြောက်နှစ်ခန့် စာပေတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီမဂ္ဂဇင်းဟာ ဌာနလုပ်ငန်းအကျိုးကိုဆောင်သလိုပဲ စာပေဖွံ့ဖြိုးရေးကိုလည်း တစ်ဖက်တစ်လမ်းက အကျိုးပြုခဲ့ပါတယ်။ အဆက်မပြတ်ရေးသားလာခဲ့တဲ့ အဲဒီမဂ္ဂဇင်းမှာ ကျွန်တော်က သင်တန်းဆိုင်ရာသင်ကြားရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ထောက်ပံ့ရေး၊ သုတေသနနဲ့ ဖွံ့ဖြိုးရေးတို့ကို ကိုယ်တိုင် နေ့စဉ်ထိတွေ့ဆောင်ရွက်နေရသူဖြစ်တဲ့အတွက် စာရေးသူရဲ့နေ့စဉ် ဘဝခံစားချက်များထဲမှာ အကြီးအကဲတစ်ယောက်ရဲ့ တာဝန်နဲ့အတူ စေတနာကြီးမားထက်သန်ပြီး အဲဒီစေတနာတရားဟာ စာမျက်နှာများပေါ်မှာ စာပေလက်ရာအဖြစ် ပေါ်ထွန်းလာခဲ့ပါတယ်။ စာဖတ်ဝါသနာ၊ နှစ်ပေါင်းများစွာ ဆည်းပူးလာခဲ့သူရဲ့ အထုံပါရမီက နှစ်ကာလကြာလာတာနဲ့အမျှ ဗဟုသုတဝမ်းစာ ဖြစ်လာခဲ့ပါတယ်။ ကျွန်တော့်ရဲ့စာတွေက မဂ္ဂဇင်းတွေမှာ ပြန့်ကျဲနေတာကြောင့် (အင်္ဂလိပ်+ မြန်မာ) မှာလို တစ်စုတစ်စည်း၊ “စာတစ်စောင်၊ ပေတစ်ဖွဲ့” ဖြစ်သင့်၊ ရှိသင့်တဲ့အတွက် ဒီစာအုပ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပါတယ်။ ဒီစာအုပ်မှာ ဆောင်းပါး ၃၈ ပုဒ်ပါပါတယ်။ အကျဉ်းအားဖြင့် နှစ်ပေါင်း ၄၀ ကျော် နိုင်ငံ့ဝန်ထမ်းလုပ်ငန်းအတွေ့အကြုံတွေထဲက ရေကြောင်းပညာဆိုင်ရာပညာရေးနှင့်လေ့ကျင့်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေအရင်းအမြစ်နှင့် ရေထုညစ်ညမ်းမှုများ ကာကွယ်စောင့်ရှောက်ရေး၊ ရေကြောင်းကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးတာတွေ ပါဝင်ပါတယ်။ အရာရှိငယ်ဘဝက သတင်းစာတွေမှာ ဆောင်းပါးစတင်ရေးသားခဲ့ပါတယ်။ သပြေမဂ္ဂဇင်းမှာ ဝတ္ထုတို စတင်ရေးသားခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာ Burma Research Congress “Computer Analysis Of Tidal Records Of Ports Along The Burma Coast” သုတေသနစာတမ်းကိုရေးသား ဖတ်ကြားတင်ပြခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ရန်ကုန်မြို့ UNDP ရုံးမှာ ကျင်းပခဲ့တဲ့ “High Level Conference On Disaster Management” ကွန်ဖရင့်မှာ ဘေးဒုက္ခကပ်စီမံခန့်ခွဲမှုရေတိုကာလ (၅နှစ်အောက်)ရည်မှန်းချက်များ အကျဉ်းချုပ်(Summary Of Priority Short–Term Disaster Management) စာတမ်းကို ရေးသားဖတ်ကြားတင်ပြခဲ့ပါတယ်။ ၁၉၉၅ခုနှစ်မှာ ကင်ညာနိုင်ငံ UNEP ရုံးမှ မြန်မာနိုင်ငံရှိUNDPရုံးမှတစ်ဆင့် မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်(National Commission For Environmental Affairs – NCEA)အဖွဲ့၊ ကော်မတီဝင်ဖြစ်တဲ့ ကျွန်တော့်ကို မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မြန်မာနိုင်ငံရဲ့ ၂၁ရာစုအစီအစဉ် (Myanmar Agenda 21) ရေးဆွဲဖို့ ရန်ကုန်မြို့ ဆီဒိုးနားမှာ သုံးရက်တိုင်တိုင် ပြုလုပ်ခဲ့တဲ့ အလုပ်ရုံ ဆွေးနွေးပွဲမှာ (Myanmar Agenda 21) စာစောင်ကို အတည်ပြု ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၉၆ခုနှစ်မှာ ဗီယက်နမ် နိုင်ငံမှာ ကျင်းပတဲ့ “Workshop On Mekong River Basin Diagnostic Study”မှာ ကျွန်တော်ရေးသားခဲ့တဲ့ “Environmental Value Papkr” စာတမ်းအား ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်ခြင်းခံရပါတယ်။ အာရှတိုက်ရှိ ရေကြောင်းပညာနှင့် ငါးလုပ်ငန်းတက္ကသိုလ်များဖိုရမ် ဆွေးနွေးပွဲများမှာ ဖတ်ကြားတင်သွင်းခဲ့တဲ့ သုတေသနစာတမ်းငါးစောင်ကို နိုင်ငံတကာအဆင့်ထုတ်ဝေခြင်းအနေနဲ့ အသီးသီး ထုတ်ဝေဖော်ပြခြင်းခံရပါတယ်။ မြန်မာဘာသာ ဆောင်းပါး၊ စာတမ်း ၃၃ စောင်၊ အင်္ဂလိပ်ဘာသာနဲ့ ဆောင်းပါး၊ စာတမ်း ၃၈ စောင်ရေးသားခဲ့ပြီး ဖြစ်ပါတယ်။ လောလောဆယ် စာပေလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း မရှိသေးပါဘူး။ သုတမျှဝေခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်နေပါတယ်။ အလွန်တရာမှ ဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်က အသိအမှတ်ပြုခြင်း ခံရတဲ့အတွက် စိတ်ခွန်အားတက်ရပါတယ်။ “You Reap What You Sow”ဆိုတဲ့ စကားက သက်သေပြနေပါတော့တယ်။ “တန်ဆေး လွန်ဘေး” (Medication IF Moderate Harmful IF Excessive) ဆိုရိုးစကားအတိုင်း တစ်ဖက်စွန်းမရောက်ကြစေဖို့ မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်။ လူငယ်တွေအနေနဲ့ ယနေ့ဒစ်ဂျစ်တယ်နည်းပညာဟာ တစ်နေ့တခြား တိုးတက်လာနေတာမို့ ပညာရှာဖွေလေ့လာရာမှာ ဖြူစင်သန့်ရှင်းစွာနဲ့ အပြုသဘောဆောင်ကာ စာပေတွေကို ဖက်ရှု၊ မှတ်သား၊ ပြုစု၊ မျှဝေကြပါလို့ အလေးအနက်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါတယ်” ဟု ပြောသည်။

သီရိပျံချီ ဒေါက်တာဝင်းသိမ်းသည် ၁၉၄၈ ခုနှစ် ဩဂုတ် ၁၁ ရက်၌ မိဘနှစ်ပါးဖြစ်သူ တိုးတက်ရေး ဦးသိမ်း (လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်) နှင့် ဒေါ်မမလေး (လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့်)တို့မှ ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ St. Paul's High School ကျောင်း၌ ၁၉၆၅ ခုနှစ်တွင် အထက်တန်းပညာသင်ယူပြီးဆုံးချိန်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) ၌ ဗိုလ်လောင်းအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး မေမြို့ (ပြင်ဦးလွင်) စစ်တက္ကသိုလ်တွင် လေ့ကျင့် ပညာသင်ယူခဲ့သည်။ ၁၉၆၅–၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ ရရှိခဲ့ပြီး တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် အထက်တန်းရေ့နေသင်တန်း၊ ၁၉၇၈–၁၉၇၉ ခုနှစ်တွင် ဂျပန်နိုင်ငံ အဏ္ဏဝါဗေဒသင်တန်း၊ ၁၉၇၉ ခုနှစ်တွင် တက္ကသိုလ်များ၊ ကွန်ပျူတာအစီအစဉ်သင်တန်းများ တက်ရောက်အောင်မြင်ခဲ့သည်။ တပ်မတော်(ရေ)တွင် တာဝန်များအဆင့်ဆင့် ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးအဆင့်ဖြင့် ၁၉၈၄ ခုနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ရေးလမ်းထိန်းသိမ်းရေးညွှန်ကြားရေးဦးစီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်သည်။ ၁၉၉၄ ခုနှစ်တွင် ဗဟိုစာရင်းအင်းအဖွဲ့၌ အဆင့်မြင့်ကွန်ပျူတာစီမံခန့်ခွဲရေးသင်တန်းကို တက်ရောက်ခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ရေလမ်းထိန်းသိမ်းရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၁၉၉၈ ခုနှစ်တွင် ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ၂၀၀၇ခုနှစ်တွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းအုပ်ကြီး၊ ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်များ ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် မိသားစုနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။။

ဘာသာရပ် – ကလေးစာပေ

စာရေးသူ – ဝတ်ရည်ခင် (ပဲခူး)

စာအုပ်အမည်– မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများစာအုပ်(စာပေဗိမာန်)

“အမျိုးသားစာပေဆုရရှိတဲ့ စာအုပ်က ၂၀၂၀ စာပေဗိမာန်စာမူဆု ကလေးစာပေပထမဆုရရှိတဲ့ စာအုပ်ဖြစ်ပါတယ်။ မြန်မာ့မေတ္တာစွမ်း ကမ္ဘာကို လွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ စာအုပ်ပါ။ ဒီစာအုပ်လေးက ကျွန်မရဲ့ကိုယ်တွေ့ခံစားချက်လေးတွေကို ရေးသားထားတာဖြစ်ပါတယ်။ ကျွန်မမှာ သားနှစ်ယောက်ရှိပါတယ်။ သားတို့ငယ်ငယ်တုန်းက အသက် ၁၀ နှစ်ဝန်းကျင်လောက်မှာ တွေ့ကြုံခဲ့ရတာတွေကို ရင်ထဲမှာမှတ်သားထားပြီး နိုင်ငံအတွင်းမှာ ရှိကြတဲ့ အနာဂတ်ကလေးတွေကို အသိပညာလေးတွေ ပေးချင်မိတယ်။ အမှားတွေကို သင်ခန်းစာယူစေချင်ပါတယ်။ ဘက်စုံ၊ စာရိတ္တပိုင်းကအစ လိမ္မာယဉ်ကျေးစေချင်တာ အဓိကပါ။ စိတ်ထားကောင်းရင် စာကောင်းထွက်တယ်ဆိုတဲ့ စကားအတိုင်း ကလေးတွေကို အသိပညာပေးချင်တဲ့ဆန္ဒတွေက အလွန်များနေတော့ စာအုပ်လေးရေးမိပြီး စာပေဗိမာန်စာမူမှာ ဝင်ပြိုင်ဖြစ်တာပါ။ အချိန် ခြောက်လလောက်ပေးပြီး ရေးသားခဲ့ရပါတယ်။ စာအုပ်ပါ အကြောင်းအရာလေးတွေကတော့ ရသစုံပါတယ်။ ကလေးတွေဖတ်ရင် အကျိုးကျေးဇူးတွေ အများကြီးရရှိမှာပါ။

ကလေးတွေ နိုင်ငံနဲ့လူမျိုးကို ချစ်ခင်မြတ်နိုးစိတ်၊ အမျိုးဂုဏ်၊ မိသားစုဂုဏ်ကို စောင့်ထိန်းလိုစိတ်တွေ၊ ပညာကို မြတ်နိုးစွာ တန်ဖိုးထားသင်ယူလိုစိတ်တွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်၊ သစ်တောသစ်ပင်တွေကို ချစ်ခင်တဲ့စိတ်တွေ ဖြစ်ပေါ်လာစေဖို့၊ အထူးသဖြင့် မြန်မာလူမျိုးတို့ရဲ့ နှလုံးသားလှပြီး ကူညီပေးကမ်းချင်တာ၊ သည်းခံခွင့်လွှတ်တတ်တဲ့ မေတ္တာတွေက ရှေးအဘိုးအဘွားတို့ လက်ထက်ကတည်းကနေ ယနေ့တိုင်ရှိနေတယ်ဆိုတာ ကျွန်မရဲ့သားငယ်လေးရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကို ရေးသားထားတာဖြစ်ပါတယ်။ မြန်မာဆိုတာနဲ့ စိတ်ထားလှပြီး စေတနာ မေတ္တာနဲ့ ပေးကမ်းကူညီတဲ့လူမျိုးဆိုတာ သိနေကြတာကို ဂုဏ်ယူပြီး ရေးသားထားတာဖြစ်ပါတယ်။

ကလေးသူငယ်တွေ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍပေါင်းစုံမှာ တိုးတက်ဖွံ့ဖြိုးလာစေဖို့အတွက် အသိပညာ၊ ဗဟုသုတတွေကို လက်တွေ့ကျကျ တကယ့်ဖြစ်ရပ်မှန်တွေကို ရေးသားထားတာဖြစ်ပါတယ်။ စာပေခရီးအနေနဲ့ကတော့ ၂၀၀၆ ခုနှစ်ကစတင်ပြီး စာတွေရေးသားခဲ့ပါတယ်။ မင်္ဂလာမောင်မယ်မှာ စရေးခဲ့တာပါ။ အခုလို

စာပေဆုရရှိမှုအပေါ်ခံစားချက်ကို ပြောရရင် အမျိုးသားစာပေဆုရချင်လို့ ကြိုးစားခဲ့တာမို့လို့ ကျွန်မရဲ့ရည်မှန်းချက် ပြည့်တယ်လို့ ဆိုရမှာပါ။ အခုလက်ရှိ ပဲခူးမြို့နယ် စာရေးဆရာအသင်းမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသလို စာပေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း(ပဲခူးတိုင်းဒေသကြီး)မှာ တိုင်းဒေသကြီးဥက္ကဋ္ဌအနေနဲ့ စာကြည့်တိုက်တွေ ရှင်သန်အောင်မြင်ဖို့ ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

စာရေးဆရာမ ဝတ်ရည်ခင် (ပဲခူး)အား အဖ ဦးသိန်းဟန်–အမိ ဒေါ်စောနွဲ့တို့က ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အ.ထ.က(၃) ပဲခူးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် B.A ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် နည်းပြတာဝန်ထမ်းဆောင်ခဲ့သည်။ ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများအပုဒ်ရေ ၂၀၀ ကျော်ရေးသားခဲ့ပြီး နိုင်ငံတော်ဖိတ်ခေါ်ပြိုင်ပွဲဆု ၃၀ ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် စာပေဗိမာန်စာမူဆု လူငယ်စာပေ တတိယဆု ရရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ တတိယဆုရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် စာပေဗိမာန်စာမူဆု (ကလေးစာပေ) ပထမဆုကို ရရှိခဲ့သည်။ ယခုနှစ်တွင် ၂၀၂၀က ရရှိခဲ့သည့် ကလေးစာပေသည် အမျိုးသားစာပေဆုကို ဆွတ်ခူးရရှိပြီး ဝတ္ထုရှည် ဝတ်မှုန်ကူးချိန်စာမူသည် စာပေဗိမာန်စာမူ တတိယဆုရရှိခဲ့ကာ ယခုအချိန်တွင် ပဲခူးမြို့၌ နေထိုင်လျက်ရှိသည်။

အာကာလင်း၊ ဓာတ်ပုံ–တင်စိုး

နောင်ချိုမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းလောင်းအသင်း၏ (၅၄၁၅) ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူ

နောင်ချို နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းလောင်းအသင်း၏ (၅၄၁၅)ကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူမှုကို ယနေ့နံနက် အရုဏ်တက်ချိန်၌ လောင်းလှူကြသည်။

နောင်ချိုမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းလောင်းအသင်းကို ၁၆-၈-၂၀၀၆ တွင် စတင်တည်ထောင်ခဲ့ပြီး မြို့တွင်းဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းမှ သံဃာတော်အပါး ၁၀၀ကျော်အား အရုဏ်ဆွမ်းများ နေ့စဉ်မပြတ် လောင်းလှူလျက်ရှိကာ ယခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် အကြိမ်ရေ (၅၄၁၅)ကြိမ်အဖြစ် တောင်ရပ်ကွက်နေ သားသမီးမြေးမြစ်များက ကွယ်လွန်သူ ဦးဖဲမောင်+ဒေါ်အုန်းမှီတို့အား ရည်းစူးလှူဒါန်းသော အလှူနှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက လောင်းလှူကြသည်။

အဆိုပါအရုဏ်ဆွမ်းလောင်းလှူသည့် သံဃဒါနဆွမ်းလောင်းအသင်းသို့ နောင်ချိုမြို့နယ်သူ၊ မြို့နယ်သားများ နေ့စဉ်မပြတ် မိမိတို့ အစီအစဉ်ဖြင့် လာရောက်လောင်းလှူမှုများရှိသည့်အပြင် ရပ်နီး၊ ရပ်ဝေးမှ လှူဒါန်းလိုသူများကလည်း ပင်မအလှူရှင်အဖြစ်တစ်ရက်တာ အရုဏ်ဆွမ်းအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းလျက်ရှိကြောင်း၊ ပင်မအလှူရှင် မရှိသည့်နေ့များတွင် သံဃဒါနဆွမ်းလောင်းအသင်းမှ လောင်းလှူလျက်ရှိကြောင်း သိရသည်။ **ထွေးငယ်(ပြန်/ဆက်)**

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြောက်ကိုရီးယားကို မြန်မာအသင်း အိမ်ကွင်း၌ ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (B) ဒုတိယနေ့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြောက်ကိုရီးယားလက်ရွေးစင်အသင်းတို့ နိုဝင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ မြောက်ကိုရီးယား အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသလို အိမ်ကွင်း ပထမဆုံးပွဲတွင်လည်း အရေးနိမ့်ထားသဖြင့် ရမှတ်ရယူနိုင်ရန် လက်ကျန်အိမ်ကွင်းနှစ်ပွဲတွင် ရှန်းကန်ရတော့မည်ဖြစ်သည်။

မြန်မာအသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ဂျပန် အသင်းနှင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ ရဲမင်းသူ၊ ကျော်မင်းဦး၊ ဖွဲခန့်မင်း၊ နေမိုးနိုင်၊ ဇော်ဝင်းသိန်း၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ၂၅မိနစ်ကျော်အထိ မြောက်ကိုရီးယားအသင်း တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သလို ဂိုးသွင်းခွင့်များလည်း ရခဲ့သည်။ သို့သော် မိနစ် ၃၀ တွင် ခံစစ်အမှားမှတစ်ဆင့် ဂိုးစတင်ပေးခဲ့ရသလို သုံးမိနစ်အကြာတွင် ပယ်နယ်တီမှတစ်ဆင့် ဂိုးထပ်ပေးခဲ့ရသည်။ မိနစ် ၃၀ တွင် ဂျောင်အီကွမ်၊ ၃၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချိုးဂျင်နမ်၊ ၃၈ မိနစ်တွင် ဟန်ကွမ်ဆောင်တို့က ဂိုးများ သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် မြောက်ကိုရီးယားအသင်းက ပွဲကိုစိုးမိုးထားနိုင်ပြီး ဂိုးများ ဆက်တိုက်ရရှိကာ ၅၄၊ ၅၆ မိနစ်တွင် ဂျောင်အီကွမ်နှင့် မိနစ် ၇၀တွင် ရီဟောင်ဂျင်တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို လူစားဝင်တိုက်စစ်မှူး ဝင်းနိုင်ထွန်းက ၇၇ မိနစ်တွင် သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့်အခွင့်အရေး ငါးကြိမ်ထက် မနည်းရခဲ့သော်လည်း တစ်ဂိုးသာ ဝင်အောင်သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် အောင်သူ၊ ဇော်ဝင်းသိန်း၊ နေမိုးနိုင်၊ မောင်မောင်လွင်တို့၏ ဂိုးကန်သွင်းချက်များ ဂိုးဝင်အောင် သွင်းနိုင်ပါက ရလဒ်တစ်မျိုး ထွက်ပေါ်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၄ ခုနှစ် မတ်လတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး

မအူပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်စိုက်ပျိုးသည့် မိုးစပါးများရိတ်သိမ်း တစ်ဧကလျှင် စပါး ၈၅ တင်း ထွက်ရှိ

မအူပင် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရယူဆောင်ရွက်သော အားမာန်လယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား ၁၅၀ ၏ ဆင်းသုခမိုးစပါး စိုက်ဧက ၃၀၀ ကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် စပါး ၈၅ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီနှင့်အတူ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်စင်တို့က ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ထုပ်ဆီးတိုးဒိုင်/နည်းပြသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ၂၁

မြန်မာ့ရိုးရာအားကစားနည်းများကို ဖော်ထုတ်ကာ နိုင်ငံတကာ ရိုးရာအားကစားနည်းများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်ရန်နှင့် နိုင်ငံတကာရိုးရာအားကစားသရုပ်ပြ ပွဲတော်များတွင် မြန်မာ့ရိုးရာအားကစားနည်း ပြသခွင့်ရရှိစေရေးအတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကျင်းပဖွင့်လှစ်သော ထုပ်ဆီးတိုးဒိုင်/နည်းပြသင်တန်း(၁/၂၀၂၃) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ရုံးဟောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက အမှာစကားပြောကြား၍ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ထုပ်ဆီးတိုးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၄ ရက်အထိ ထုပ်ဆီးတိုး ဥပဒေသများ၊ ဒိုင်များ၏ တာဝန်များ၊ ပြစ်ဒဏ်များ၊ ကွင်းအတိုင်းအတာနှင့် စာတွေ့လက်တွေ့ သင်ပြသွားမည်ဖြစ်ပြီး သင်တန်းသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး၊ ပြင်ပမှ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ယနေ့စျေးကွက်ပေါက်စျေးများ

၂၁ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၂၅ ကျပ်	၂၁၇၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၁၅ ကျပ်	၂၂၆၀ ကျပ်
အောက်တိန်း ၉၂	၂၁၀၅ ကျပ်	၂၁၅၅ ကျပ်
အောက်တိန်း ၉၅	၂၂၄၀ ကျပ်	၂၂၉၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၈၈၀၀	၂၃၇၅	၂၀၇၃၃၁၀၀
MTSH	၂၈၅၀	၂၉၀၀	၅၃၂	၁၅၁၆၄၅၀
MCB	၀	၀	၀	၀
FPB	၁၅၅၀	၁၆၀၀	၃၂၇	၅၂၃၁၀၀
TMH	၂၄၀၀	၂၄၀၀	၅	၁၂၀၀၀
EFR	၁၉၅၀	၂၀၀၀	၆၇၂	၁၃၄၀၄၀၀
AHPC	၄၉၀၀	၄၉၀၀	၆	၂၉၄၀၀
MAEPC	၁၇၅၀	၁၇၀၀	၅၀၇	၈၅၀၁၀၀

ညီညီ - စုစည်းသည်

အဆိပ်သင့်ကမ္ဘာမြေကို သစ်တောများဖြင့် ကယ်တင်ပါ

--- ခင်မောင်မြင့် ---

“ ဥတုရာသီ၊ တောကိုမှီ၏ ”၊ “တောတောင်စိမ်းမှ စမ်းရေရ၏ ”စသော ဆောင်ပုဒ်များက သစ်ပင်သစ်တောများ၏ ဂေဟစနစ်အပေါ် လွန်စွာအကျိုးသက်ရောက်လျက်ရှိပုံကို ဖော်ပြနေပါသည်။မှန်ပါသည်။ သစ်ပင်သစ်တောများသည် ကျွန်တော်တို့ရှင်သန်နေထိုင်ရာ ကမ္ဘာမြေကြီးအတွက် သဘာဝကပေးသော အဖိုးမဖြတ်နိုင်သည့် သယံဇာတအရင်းအမြစ်များသာလျှင် ဖြစ်ပေသည်။

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ နိုင်ငံတိုင်းလိုလိုတွင် မြစ်ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း အစရှိသည့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းများကို နှစ်စဉ်ကြုံတွေ့နေကြရသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကတရားခံမှာ သစ်တောများ ပြုန်းတီးလာခြင်းကြောင့်ပင် ဖြစ်သည်။ သစ်ပင်သစ်တောများ ရှိခြင်းကမြေ၊ ရေ၊ လေနှင့် သဘာဝပတ်ဝန်းကျင်ကို မျှတစေသည်။ ရာသီဥတုကို သဟဇာတ ဖြစ်စေသည်။ ဇီဝမျိုးစိတ်များကို လုံလုံလောက်လောက် အကာအကွယ်ပေးနိုင်သည့်အပြင် လူသားတို့ ခိုလှုံရာ အဆောက်အဦအဖြစ်သော်လည်းကောင်း၊ ဆေးဝါး၊ အသုံးအဆောင် ပရိဘောဂအဖြစ်သော်လည်းကောင်း၊ ထင်း၊ မီးသွေး၊ လောင်စာ အဖြစ်သော်လည်းကောင်း စသည်ဖြင့် ကဏ္ဍပေါင်းစုံမှ အကျိုးဖြစ်ထွန်းစေသည်။

သစ်တစ်ပင်ဆုံးရှုံးသွားသည့်နေရာတွင် သစ်ဆယ်ပင် အစားထိုးစိုက်ပျိုးကြရမည်

သစ်ပင် သစ်တောများမှာ အချိန်တိုအတွင်း ကြီးထွားဖြစ်တည်လာသည်မဟုတ်။ လူသားတို့၏ စောင့်ရှောက်မှုဖြင့်ဖြစ်စေ၊ သဘာဝ၏ ဖေးမကူညီမှုဖြင့်ဖြစ်စေ နှစ်ပရိစ္ဆေဒကြာအောင် စောင့်ဆိုင်းကြရသည်။ ထို့ကြောင့် အလွယ်တကူ ခုတ်လှဲမပစ်သင့်။ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်မှသာလျှင် ကာဗွန်သံသရာလည်ပတ်မှု အလိုလိုအားနည်းကာ လေထုညစ်ညမ်းမှုအန္တရာယ်ကို လျော့ပါးသက်သာစေနိုင်မည်။ ကျွန်တော်တို့ လူသားများ နေ့စဉ်ရှူသွင်းနေရသော အောက်ဆီဂျင်ဓာတ်ငွေ့ကို လေထုထဲသို့ အဆက်မပြတ် ထုတ်လွှတ်ကာ အိုဇုန်းလွှာ ယိုယွင်းပျက်စီးမှု အန္တရာယ်ကိုလည်း အထိုက်အလျောက် ကာကွယ်တားဆီးပေးနိုင်မည်။ ထို့ကြောင့် အမှန်တကယ် ကမ္ဘာကြီး သာယာလှပစေလိုလျှင် သစ်ပင်သစ်တောများကို စနစ်တကျ ထိန်းသိမ်းကြရပေမည်။ သစ်ပင်တစ်ပင် ဆုံးရှုံးသွားသည့်နေရာတွင် သစ်ပင်ဆယ်ပင် အစားထိုးစိုက်ပျိုးကြရပေမည်။

နောက်ဆုံးပျောက်ကွယ်ခဲ့ရသည့် တိရစ္ဆာန်မှာ အနောက်အာဖရိကကြံ့နက်

သစ်တောများသည် ကမ္ဘာမြေအကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဖုံးအုပ်ထားလျက်ရှိပြီး ၁၉၉၀ ပြည့်နှစ် မှ ၂၀၁၆ ခုနှစ်အတွင်း သစ်တောဧရိယာပေါင်း ၅၀၂၀၀ စတုရန်းမိုင် (၁ ဒသမ ၃ သန်းစတုရန်းကီလိုမီတာ)ခန့် ဆုံးရှုံးခဲ့ရသည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ထားပါသည်။ ကျွန်တော်တို့ လူသားများ၏ ဝိသမလောဘကြောင့် နှစ်စဉ်သစ်တော ဧကပေါင်း ၁၈ ဒသမ ၇ သန်းခန့် ဆုံးရှုံးနေကြရသည်။ တစ်မိနစ်လျှင် ဘောလုံးကွင်း ၂၇ ကွင်းပမာဏ ဆုံးရှုံးနေရသည်နှင့် တူပါသည်။ “ သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားရသည် ”ဟု ဆိုရိုးစကား ရှိပါသည်။ ကမ္ဘာပေါ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း နှစ်သန်းခန့်ရှိရာ သစ်တောများပြုန်းတီးလာမှုကြောင့် နှစ်စဉ်မျိုးစိတ်ပေါင်း ၂၀၀ မှ ၂၀၀၀ ခန့် ပျောက်ကွယ်နေကြရပါသည်။ နောက်ဆုံးပျောက်ကွယ်ခဲ့ရသည်မှာ အနောက်အာဖရိကကြံ့နက် (West African Black Rhino) ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု တရားဝင်ကြေညာခြင်းခံခဲ့ရပေသည်။

ကျွန်တော်တို့လူသားများ နေ့စဉ်လည်ပတ်မောင်းနှင်နေကြသော စက်တပ်ယာဉ်များနှင့် စက်ရုံ၊ အလုပ်ရုံများမှလည်းကောင်း၊ အင်အားကြီးနိုင်ငံများ၏ နျူကလီးယားလက်နက်များ အပြိုင်စမ်းသပ်ရာမှလည်းကောင်း ကာဗွန်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ယူရေနီယံအစရှိသည့် အဆိပ်ငွေ့များကို လေထုထဲသို့ အချိန်တိုင်းနီးပါး ထုတ်လွှတ်နေကြသည်။ ယင်းဓာတ်ငွေ့များ အလွန်အမင်း စုဝေးလာမှုကြောင့် အချို့နေရာဒေသများတွင် အက်စစ်မိုးများရွာသွန်းကာ လူနှင့်တိရစ္ဆာန် အမြောက်အမြား သေကျေပျက်စီးကြရသည်။

အိုဇုန်းလွှာပျက်စီးလာမှုကြောင့် ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်လာ

ထို့အပြင် အမှိုက်သရိုက်များနှင့် စက်ရုံထွက်အညစ်အကြေးများကို မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်များထဲသို့ အလွယ်တကူ စွန့်ပစ်နေကြခြင်းကြောင့်လည်း လေထုညစ်ညမ်းမှုအန္တရာယ်သာမက ရေထုညစ်ညမ်းမှုအန္တရာယ်ပါ တစ်စတစ်စ ပိုမိုဆိုးရွားလာသည်။ ရေခဲသေတ္တာများ၊ လေအေးပေးစက်များမှ ထွက်လာသော CFCs ခေါ် ကလိုရိုဖလူရိုကာဗွန်ဓာတ်ငွေ့မှာ အိုဇုန်းလွှာကို အများဆုံးထိခိုက်ပျက်စီးစေနိုင်သည်။ တိတိကျကျဆိုရလျှင် ကလိုရိုဖလူရိုကာဗွန်တစ်လုံးသည် အိုဇုန်းမော်လီကျူးပေါင်း တစ်သိန်းလောက်နီးပါးကိုပင် အသာလေးဖျက်ဆီးပစ်နိုင်သည်ဟု သိရသည်။ အိုဇုန်းလွှာယိုယွင်းပျက်စီးလာမှုကြောင့် စစ်ထုတ်မထားသော ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ပိုမိုကျရောက်လာကာ လူသားတို့၏ ကျန်းမာရေးသည်လည်း ထိတ်လန့်စရာ အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်နေရတော့သည်။

ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်များ တဖြည်းဖြည်း အရည်ပျော်ကျလာ

လူနေမှုစနစ် ထူထပ်သိပ်သည်းလာသည်နှင့်အမျှ လူသားတို့နေထိုင်ရန် မြေလွတ်မြေရိုင်းများမှာ အလွန်အမင်း လိုအပ်လာလေသည်။ ထို့အတွက် သစ်ပင်သစ်တောများလည်း အဆမတန်ခုတ်လှဲကြရသဖြင့် တစ်နှစ်ထက်တစ်နှစ် တောပြုန်း၊တောင်ပြုန်းကာ ကမ္ဘာကြီးပူနွေးလာခဲ့ခြင်းပင်။ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် တောမီးလောင်ခြင်းအန္တရာယ်ကို နှစ်စဉ်ရင်ဆိုင်လာရသည်။ ဝင်ရိုးစွန်းဒေသရှိ ရေခဲတောင်များလည်း တဖြည်းဖြည်း အရည်ပျော်ကျလာရသည်။ မိုးကြိုးအန္တရာယ်၊ မုန်တိုင်းအန္တရာယ်နှင့် မြစ်ရေလျှမ်းမိုးမှုအန္တရာယ်မှာမူ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် ကြုံတွေ့နေကြရသည်။

ကျွန်တော်တို့ ရှင်သန်နေထိုင်ရာ ကမ္ဘာမြေကြီးသည် ကျွန်တော်တို့လူသားများ၏ အတောမသတ်နိုင်သည့် လိုအင်ဆန္ဒများကြောင့် တစ်နေ့တခြား အဆိပ်သင့် ပျက်စီးနေရပါသည်။ “ ကျွန်တော်တို့ဟာ ဒီကမ္ဘာမြေကြီးကို ဘိုးဘွားတွေဆီက အမွေရထားတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ နောင်လာနောက်သားတွေဆီက ခဏချေးယူထားတာပါ ”လို့ ဒေးဗစ်ဘရောင်ဝါဆိုသူက ပြောခဲ့ဖူးသည်။ သည့်အတွက် ကျွန်တော်တို့ကမ္ဘာမြေ ပြန်လည်စိမ်းလန်းလာစေရန် ကျွန်တော်တို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့အစည်းများသည်လည်း သစ်တောကြိုးဝိုင်းများကို စနစ်တကျ သတ်မှတ်ကာ သစ်တောများ မပြုန်းတီးအောင် အထူးအလေးထား ဆောင်ရွက်နေကြသည်။ သစ်ပင် ပျိုးပင်များကို နှစ်စဉ်သောင်းနှင့်ချီကာ အထူးတလည် စိုက်ပျိုးနေကြသည်။ ထို့ကြောင့် “အနာသိက ဆေးရှိစွ”ဟု ဆိုရိုးရှိသည့်အတိုင်း အဆိပ်သင့်နေသော ကျွန်တော်တို့ ကမ္ဘာမြေကို ပြန်လည်ကယ်တင်ရန် အကောင်းဆုံး ဆေးတစ်လက်မှာ သစ်ပင်သစ်တောများသာ ဖြစ်သည်ဟု ရဲရဲကြီး ဆိုလိုက်ချင်ပါတော့သည်။ ။

သစ်ပင် သစ်တောများမှာ အချိန်တိုအတွင်း ကြီးထွားဖြစ်တည်လာသည်မဟုတ်။ လူသားတို့၏ စောင့်ရှောက်မှုဖြင့်ဖြစ်စေ၊ သဘာဝ၏ ဖေးမကူညီမှုဖြင့်ဖြစ်စေ နှစ်ပရိစ္ဆေဒကြာအောင် စောင့်ဆိုင်းကြရသည်။ ထို့ကြောင့် အလွယ်တကူ ခုတ်လှဲမပစ်သင့်။ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်မှသာလျှင် ကာဗွန်သံသရာလည်ပတ်မှု အလိုလိုအားနည်းကာ လေထုညစ်ညမ်းမှုအန္တရာယ်ကို လျော့ပါးသက်သာစေနိုင်မည်။ ကျွန်တော်တို့ လူသားများ နေ့စဉ်ရှူသွင်းနေရသော အောက်ဆီဂျင်ဓာတ်ငွေ့ကို လေထုထဲသို့ အဆက်မပြတ် ထုတ်လွှတ်ကာ အိုဇုန်းလွှာ ယိုယွင်းပျက်စီးမှု အန္တရာယ်ကိုလည်း အထိုက်အလျောက် ကာကွယ်တားဆီးပေးနိုင်မည်။ ထို့ကြောင့် အမှန်တကယ် ကမ္ဘာကြီး သာယာလှပစေလိုလျှင် သစ်ပင်သစ်တောများကို စနစ်တကျ ထိန်းသိမ်းကြရပေမည်။ သစ်ပင်တစ်ပင် ဆုံးရှုံးသွားသည့်နေရာတွင် သစ်ပင်ဆယ်ပင် အစားထိုးစိုက်ပျိုးကြရပေမည်

ဖျာပုံမြို့၌ ကျန်းမာရေးစီမံချက်သင်တန်းဖွင့်လှစ်

ဖျာပုံ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစနှင့်ကလေး ကျန်းမာရေး၊ အကြီးမားဆုံးအကျိုးသက်ရောက်မှု၊ ကျန်းမာရေးစီမံချက်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်က ဖျာပုံမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သင်ကြားပို့ချကြရာ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၃၀ တက်ရောက်သည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**

လက်ဆောင်ပစ္စည်းလုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်နေသည့် ကျောက်သင်ပုန်းလုပ်ငန်း

တွေ့ဆုံမေးမြန်း - နှင်းဆီနွယ်၊ ဓာတ်ပုံ - သူရအောင်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံစီးပွားမြှင့်တင်နိုင်ရေးအတွက် အဓိကကျသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို နိုင်ငံတော်က အားပေးလျက်ရှိသည်။ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည်လည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားစေရန် လုပ်ငန်းရှင်များက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်တွင် မြို့နယ်အလိုက် အလားအလာရှိသော ဒေသထွက်ကုန်များမှ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product)အစီအစဉ်ဖြင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းချိုသာပြီး အဆင့်မီစွာသုံးစွဲနိုင်သည့် ကုန်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြုနိုင်ရေး သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မွန်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၂၄၅၉ ခုကို မှတ်ပုံတင်ထုတ်ပေးထားပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ် MSME ဥပဒေ၊ ၂၀၁၇ ခုနှစ် နည်းဥပဒေအရ အသေးစားစီးပွားရေးလုပ်ငန်း ၁၁၅၇ ခု၊ အလတ်စား စီးပွားရေးလုပ်ငန်း ၂၁၉ ခုတို့ကို MSME Member Card စုစုပေါင်း ၁၃၇၆ ကတ် ထုတ်ပေးခဲ့ပြီး ပြည်နယ်အတွင်း မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းလည်ပတ်နိုင်ရေး၊ လုပ်ငန်းများချဲ့ထွင်နိုင်ရေး၊ လိုအပ်သော ချေးငွေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းလုပ်ငန်းများအနက် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာမှ ယခင်က မိသားစုတစ်ပိုင်တစ်နိုင် ကျောက်သင်ပုန်းလုပ်ငန်းကို လက်ဆောင်ပစ္စည်းလုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ကိုင်နေသော ဦးအောင်မိုးခိုင်နှင့် တွေ့ဆုံ၍ လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို မေးမြန်းတင်ပြလိုက်ပါသည်။

မေး။ ။ ကျောက်သင်ပုန်းလုပ်ငန်းကို ဘယ်အချိန်က စလုပ်ဖြစ်ပါသလဲ။ ကုန်ကြမ်းကို ဘယ်လိုရရှိပါသလဲ။

ဖြေ။ ။ ကျောက်သင်ပုန်းလုပ်ငန်းကို မျိုးရိုးစဉ်ဆက် အဘိုးအဘွား၊ အဖေအမေ ကစပြီး အခုအချိန်ထိ လုပ်ခဲ့တာ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပါပြီ။ ကုန်ကြမ်းကို အရင်က မုဒွန်းကျေးရွာ ကျောက်သင်ပုန်းတောင်က ရရှိပါတယ်။ အနည်ကျကျောက်ကနေ အသွင်ပြောင်းတဲ့ သင်ပုန်းကျောက်အမျိုးအစားပါ။ ကျောက်သားအနည်းငယ်ပွလို့ ရွှေဖော်ထိုးပြီး ဆောင်ရွက်ရပါတယ်။ နောက်ပိုင်း ကုန်ကြမ်းထုတ်လုပ်မှု ကုန်ကျစရိတ်များလာလို့ ကျောက်တွင်းကို ရပ်နားလိုက်ပြီး ပေါင်မြို့နယ် ရင်းငြိမ်ဘက်ကထွက်တဲ့ သင်ပုန်းကျောက်ကို ဝယ်ယူပြီး ဆောင်ရွက်တာပါ။ ရင်းငြိမ်ဘက်ကထွက်တဲ့ ကျောက်က သံဓာတ်ပါဝင်မှုများတဲ့အတွက် ကျောက်သားမာလို့ ကျောက်စက်နဲ့တိုက်ပြီး ဆောင်ရွက်ရပါတယ်။ ပိုမို ခိုင်ခံ့မှုရှိပါတယ်။ ကုန်ကျစရိတ်လည်း ကွာခြားမှုမရှိပါဘူး။

မေး။ ။ ဘယ်ဒေသတွေကို ဖြန့်ချိပါသလဲ။

ဖြေ။ ။ ကျောက်သင်ပုန်းက မုဒွန်းကျေးရွာမှာသာ ထုတ်လုပ်ပြီး အရင်က ကျောင်းသုံးဖြစ်တဲ့အတွက် မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိရပါတယ်။ အခု ကျောင်းသုံးတာ ခေတ်မရှိတော့တဲ့အတွက် လက်ဆောင်ပစ္စည်းကဏ္ဍအဖြစ် ပြောင်းလဲပြီး မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးမြို့တွေကို ဖြန့်ချိရပါတယ်။ ပန်းချီကား၊ တိုင်ကပ်နာရီ၊ ကြော်ငြာဆိုင်းဘုတ် စသည်ဖြင့် ပြောင်းလဲဆောင်ရွက်ပြီး ပါကင်လှလှထုပ်ပိုးပြီး ခရီးသွားတွေကို ဆွဲဆောင်ရပါတယ်။ နွေရာသီခရီးသွားဧည့်သည်များရင် ပိုပြီးရောင်းအားကောင်းပါတယ်။ နိုင်ငံခြားသားတွေလည်း အိမ်အထိလာဝယ်ကြပါတယ်။ ဖောက်သည်ဝယ်ယူသူတွေကတော့ နိုင်ငံခြားအထိ ပို့တာမျိုးတွေရှိတယ်။

မေး။ ။ ကျောက်သင်ပုန်းကနေ လက်ဆောင်ပစ္စည်းအမျိုးအစား ဘယ်နှမျိုးထုတ်လုပ်ပါသလဲ။ ဘယ်လိုပစ္စည်းမျိုးက ပိုပြီးရောင်းအားကောင်းပါသလဲ။

ဖြေ။ ။ ပစ္စည်းအမျိုးအစား ၁၀ မျိုးခန့် ထုတ်လုပ်ပါတယ်။ ကျောက်သင်ပုန်းပန်းချီ၊ ကျောက်သင်ပုန်းနာရီ၊ ကြော်ငြာအမျိုးမျိုး၊ ဖိတ်စာအမျိုးမျိုး၊ နှစ်ပတ်လည်အထိမ်းအမှတ်၊ အစားအသောက်မီနူးများ စတဲ့ပစ္စည်းတွေကို ထုတ်လုပ်ပါတယ်။ နှစ်ပတ်လည်အထိမ်းအမှတ်ပစ္စည်းမျိုး ကျောင်းတွေကမှာရင် ထောင်ချီပြီးရောင်းရပါတယ်။ မင်္ဂလာဖိတ်စာဆိုရင် သူတို့ဖိတ်ကြားတဲ့အရေအတွက်လောက် ဆောင်ရွက်ပေးရပါတယ်။ နာရီတွေလည်း ရောင်းအားကောင်းပါတယ်၊ စားသောက်ဆိုင်တွေမှာရနိုင်တဲ့ အစားအသောက်မီနူး ကြော်ငြာတွေရေးရတာမျိုးလည်းရှိပြီး အလှဆင်တဲ့ပုံတွေ မှာတာမျိုးလည်းရှိပါတယ်။

မေး။ ။ ကျောက်သင်ပုန်းပြုလုပ်ပုံ အဆင့်ဆင့်ကို ပြောပြပေးပါ။ ကျောက်သင်ပုန်းပေါင်က ဘယ်သစ်အမျိုးအစားကို သုံးပါသလဲ။

ဖြေ။ ။ သင်ပုန်းကျောက်ကြမ်းတွေကို ရွှေဖော်ထိုးခြင်း (ကျောက်စက်နဲ့ဖြတ်ခြင်း)၊ ကတ်ကြေးနဲ့ လေးဖက်လေးတန်ညီအောင် ညှိပေးခြင်း၊ စက်နဲ့ချောပေးခြင်း၊ ရေဆေးခြင်း၊ နေပူလှန်းခြင်း၊ ဆေးမည်းသုတ်ခြင်း၊ အခြောက်ခံခြင်း၊ ပေါင်ဖြတ်ခြင်း၊ အနားလုံးခြင်း၊ ရွှေဖော်ထိုးခြင်း၊ ပေါင်သွင်းခြင်း၊ ကော်ပတ်နဲ့ အချောကိုင်ခြင်း၊ လေးဖက်လေးတန်သံရိုက်ခြင်းတွေ အဆင့်ဆင့်ဆောင်ရွက်ရပါတယ်။ ကျောက်သင်ပုန်းပေါင် သစ်အမျိုးအစားကတော့ သစ်ဖြူသားကို သုံးရပါတယ်။

မေး။ ။ မုဒွန်းကျေးရွာမှာ ကျောက်သင်ပုန်းလုပ်ငန်း လုပ်ကိုင်သူ ဘယ်နှဦး ရှိပါသလဲ။

ဖြေ။ ။ ကျောက်သင်ပုန်းလုပ်ငန်းက မုဒွန်းရွာမှာပဲရှိတဲ့အတွက် လက်ရှိလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးရှိပါတယ်။

မေး။ ။ ဈေးကွက်အတွင်း လူသိများလာအောင် ဘယ်လိုဆောင်ရွက်နေပါသလဲ။ ဘယ်လိုပံ့ပိုးမှုတွေများ ရှိသလဲ။

ဖြေ။ ။ ကျွန်တော့် ကျောက်သင်ပုန်းလုပ်ငန်းက တစ်ပိုင်တစ်နိုင် မိရိုးဖလာလုပ်ငန်းကို လက်ဆင့်ကမ်းဆောင်ရွက်လာတာပါ။ MSME Member ဝင်ခဲ့ပြီး MSME Member Card လည်းရှိပါတယ်။ ပြည်နယ်အစိုးရကဆောင်ရွက်တဲ့ ကုန်စည်ပြပွဲတွေနဲ့ မော်လမြိုင်၊ ရန်ကုန်၊ နေပြည်တော်တို့မှာ ကျောက်သင်ပုန်းအမှတ်တရပစ္စည်းတွေ ပြသခြင်း၊ ရောင်းချခြင်းတွေ ဆောင်ရွက်တာမျိုးရှိပါတယ်။ ပြပွဲတွေ ဆောင်ရွက်ပေးတဲ့အတွက် ရောင်းအားကောင်းပြီး အဆင်ပြေပါတယ်။

မေး။ ။ တခြားဘာများပြောချင်တာရှိပါသလဲ။

ဖြေ။ ။ မိဘပြည်သူများအနေနဲ့ မွန်ပြည်နယ်ကထွက်တဲ့ သဘာဝအရင်းအမြစ်ကနေ ပြုလုပ်ထားတဲ့ ကျောက်သင်ပုန်းကို ထုတ်လုပ်မှုတိုးတက်လာအောင် ပြည်တွင်းထုတ်ကုန်ဖြစ်တဲ့ အမှတ်တရပစ္စည်းတွေကို အားပေးကြပါ။ အရည်အသွေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍမြှင့်တင်ပြီး ပြည်ပအထိ ထိုးဖောက်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။

နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင်နေထိုင်ကြပြီး အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များသည် ကျေးလက်တွင် များစွာရှိနေသည်။ တစ်ပိုင်တစ်နိုင် MSME စီးပွားရေးလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ကုန်ကြမ်းထုတ်လုပ်မှုမှ ကုန်ချောထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုအထိ ကွင်းဆက်တစ်လျှောက် ပါဝင်လုပ်ကိုင်သူများ ဝင်ငွေရရှိမှုရှိသဖြင့် MSME လုပ်ငန်းများ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ကျေးလက်ဒေသများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ။

သင်ပုန်းကျောက်ပြားများကို အချောသပ်နေသည့် အမျိုးသမီးငယ်များ။

ကျောက်သင်ပုန်းများကို သစ်သားပေါင်သွင်းခြင်း ဆောင်ရွက်နေစဉ်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ဦးပိုင်အမှတ်(၂၂/က)၊ အလျား(၁၀၀)ပေ x အနံ (၂၀)ပေပေါ်ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသူဟုဝန်ခံပြောဆိုသူ ဖြစ်သော ဦးကြည်လွင် ၁၄/ဝခမ(နိုင်) ၁၀၅၆၁၅ထံမှ တရားဝင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်သက်နွယ်အောင် ၁၂/ကတန(နိုင်) ဝ၈၄၀၁၃မှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လို ပါက ကျွန်ုပ်ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်းအမှတ်အသားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်သူ	ဦးနိုင်ဝင်း	ဒေါ်ခင်မြတ်နိုင်
LL.B,LL.M (International Law),CBL	LL.B,LL.M (International Law)	LL.B
အထက်တန်းရှေ့နေ (စဉ်-၅၅၂၂၇)	အထက်တန်းရှေ့နေ(စဉ်-၅၄၀၇၉)	အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇)

အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၅၈၀၀ ၂၈၅၈

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရ(၁၄)လမ်း၊ မြေကွက်အမှတ်-၁၁၈၂(က) (အလျား ၆၀ပေ x အနံ ၂၀ပေ)၊ နှစ်(၆၀)ဂရန်မြေကွက်၊ အမည်ပေါက် ဒေါ်စန်းရီ (AC 003903) ၊ဒေါ်အုန်းကြည် (KLT 014241)မခွဲမစိတ်ရသေးသည့် မြေကွက်မှ ဦးအေးချစ် ၁၄/ကပတ(နိုင်) ၁၁၀၉၇၅ ဝယ်ယူပိုင်ဆိုင်ထားသော (အလျား ၆၀ပေ x အနံ ၁၀ပေ) မြေကွက် အမှတ် ၁၁၈၂(ခ)နှင့်ကပ်လျက် တည်ရှိသည့် မြေကွက်နှင့်အိမ်အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇင်မောင်လင်း(LL.B,D.I.L,C.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၂)
တိုက်(၁၀/၁၂)၊ အခန်း၁၀၄(ဈ)၊ (ပ)ထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၂၂၉၂၀၁၀

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံတော်ကို အမှန်တကယ် ချစ်မြတ်နိုးသူများ”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မရိုးနိုင်တဲ့ ဘဏ်ကောလာဟလ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၈၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီးအတွင်း ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီး ပညာရေးမှူးရုံး၌ နိုဝင်ဘာ၂၀ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက ဖွဲ့စည်းပုံပြင်ဆင်ပြီးနောက်ပိုင်း ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဆပ်ကော်မတီ အစည်းအဝေး ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန် အများစုသည် ပညာရေးနှင့် ဆိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် လစဉ်လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ထည့်သွင်းသွားရန် လိုကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်ပြီး ကော်မတီဝင်များအနေဖြင့် မိမိတို့ဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ပညာရေးမှူးဆရာကြီး ဦးစိုးလွင်က ကလေးအလုပ်သမားပပျောက်ရေးအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက မိမိတို့ဌာနအလိုက် လုပ်ဆောင်ချက်များကို ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်ထက်

နွားထိုးကြီးမြို့နယ်သမဝါယမအသင်းစုလီမိတက် မှတ်ပုံတင်အမှတ်၊ ခ-၃၉၂၉/မနစ/နွားထိုးကြီး မန္တလေးတိုင်းဒေသကြီး၊နွားထိုးကြီးမြို့ "အိတ်ပိတ်လေလံကြော်ငြာခြင်း"

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်သမဝါယမအသင်းစုလီမိတက်ပိုင် နွားထိုးကြီးမြို့၊ အမှတ်(၃) ရပ်ကွက်၊ ကွင်းအမှတ်(၅၆၉/တ၊ နွားထိုးကြီးရွာကွင်း)၊ မြေကွက်အမှတ် (၆၇)ရှိ မြေဧရိယာ(၀.၁၉၅)ဧကနှင့် အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်(၅၇၀၊ နွားထိုးကြီးအရှေ့)၊ မြေကွက်အမှတ်(၂၉)ရှိ မြေဧရိယာ(၀.၈၄၄)ဧကတို့အား အိတ်ပိတ်လေလံစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေလံဝယ်ယူလိုသူများအနေဖြင့် လေလံလျှောက်လွှာနှင့်လေလံစည်းကမ်းများကို (၂၀-၁၁-၂၀၂၃ မှ ၂၈-၁၁-၂၀၂၃)ရက်နေ့ ရုံးချိန်အတွင်း မြို့နယ်သမဝါယမအသင်းစုရုံးတွင် ဝယ်ယူနိုင်ပြီး လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်မှာ (၂၈-၁၁-၂၀၂၃)ရက်နေ့ ညနေ(၁၆:၀၀)နာရီ ဖြစ်ပါသည်။

(က)	အိတ်ပိတ်လေလံ ဖွင့်လှစ်မည့်ရက်နှင့်အချိန်	- ၂၉-၁၁-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ
(ခ)	အိတ်ပိတ်လေလံတင်သွင်းမည့် နေရာနှင့်ဖွင့်လှစ်မည့်နေရာ	- နွားထိုးကြီးမြို့နယ်သမဝါယမ အသင်းစု၊ အမှတ်(၇)ရပ်ကွက် နွားထိုးကြီးမြို့
(ဂ)	ဆက်သွယ်ရမည့်ဖုန်းနံပါတ်	- ၀၉-၆၇၆၅၆၆၀၄၉ ၀၉-၄၂၅၀၀၇၄၆၁

လေလံထုခွဲရောင်းချရေးအဖွဲ့
